မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၈၆)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၄ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၄)၊ အမှတ်(၃၃၅)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ပါဝင်တက်ရောက်

နေပြည်တော် စက်တင်ဘာ ၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒေသစံတော်ချိန် ယနေ့ နံနက် ၈ နာရီတွင် ပေကျင်းမြို့၊ Tian’anmen ရင်ပြင်၌ ကျင်းပပြုလုပ်သည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြ အခမ်းအနားသို့ ပါဝင်တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတကာမှ ဖိတ်ကြားထားသည့် နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့များ၊ မြန်မာအဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်စဉ်။

မြန်မာ့အလင်း

မဖြစ်မနေကျင်းပရမည့် ရွေးကောက်ပွဲ အဖျက်အမှောင့်၊ အနှောင့်အယှက်တို့မှ ကာကွယ်

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရန် ၁၁၄ ရက်သာ လိုတော့သည်။ ရွေးကောက်ပွဲကျင်းပမည့်အကြောင်း နိုင်ငံတော်အစိုးရက အတိအလင်းကြေညာချိန်မှစကာ အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများ၊ ဝရမ်းပြေးပြည်ပြေးအကြမ်းဖက်အုပ်စုများထံမှ ရွေးကောက်ပွဲကို ဆန့်ကျင်ကြောင်း၊ မပျက်ပျက်အောင် ဖျက်ဆီးရမည့်အကြောင်း စသည်တို့ကို အသံပေးလာကြသည်။

လက်ရှိနိုင်ငံတော်ကို အခြေခံဥပဒေနှင့်အညီ တာဝန်ယူထားရသည့် အစိုးရတည်ရှိနေခြင်းက အကြမ်းဖက်သမားတို့အတွက် အကြောင်းပြစရာရှိနေခြင်းဖြစ်သည်။ ရွေးကောက်ပွဲတွင် ပြည်သူ့ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်လိုက်သည့် အစိုးရတစ်ရပ်ဖြစ်ပေါ်လာခြင်းကမူ အကြမ်းဖက်သမားတို့အဖို့ အကြောင်းပြချက် ပျောက်ကွယ်သွားစေမည်ဖြစ်သည့်အပြင် ရှေ့ဆက်လက်၍ ရပ်တည်ရန်ခက်ခဲသည့် အခြေအနေသို့ ရောက်ရှိနိုင်သည်။ အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားတို့၏ အဆွယ်အပွားများမှာလည်း ခွက်ပျောက်သည့်ဘဝသို့ ရောက်ရှိနိုင်သည်။ သို့ဖြစ်ရာ ရွေးကောက်ပွဲကို ဆန့်ကျင်ခြင်းဖြင့် သက်ဆိုးရှည်ရှည်နေနိုင်အောင် အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများ၊ ပြည်ပြေးအကြမ်းဖက်အုပ်စုများက ကြံစည်အားထုတ်လာခြင်းဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးအကြိုကာလ နိုင်ငံလွတ်လပ်ရေးအတွက် အရေးကြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲဆုံးဖြတ်နိုင်ရန် တိုင်းပြုပြည်ပြုလွှတ်တော်ပေါ်ပေါက်လာရေးအတွက် ရွေးကောက်ပွဲကျင်းပရန်ပြင်ဆင်သည့်အခါ ဖျက်လိုဖျက်ဆီးပြုမည့်အသံများ ထွက်ပေါ်လာသည်။ ဖျက်ဆီးမည့်သူများမှာ နိုင်ငံလွတ်လပ်ရေးရသွားပါက တိမ်မြုပ်ပျောက်ကွယ်သွားရမည့်သူများ၊ နယ်ချဲ့လက်အောက်ခံဘဝတွင် လူတွင်ကျယ်ဖြစ်နေသည့် ခေတ်ဟောင်းနိုင်ငံရေး စားဖားကြီးများနှင့် အမတ်လောင်း အရွေးမခံရသဖြင့် မကျေမနပ်ဖြစ်နေကြသူများ ပါဝင်သည်။ သို့ဖြစ်၍ တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် မတ်လအတွင်း တိုင်းပြည်သို့ အသံလွှင့်မိန့်ခွန်းတစ်ရပ် ပြောကြားရာတွင် “ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့သူတွေကို အစိုးရက ဒီတိုင်းကြည့်နေမည်မဟုတ်ကြောင်းနှင့် အပြင်းအထန်နှိပ်ကွပ်ရမည်ဖြစ်ကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အဆိုပါမိန့်ခွန်းကောက်နုတ်ချက်မှာ ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည့် ရွေးကောက်ပွဲအကြိုကာလတွင်ဖြစ်ပေါ်နေသည့်အခြေအနေများနှင့်လည်း ကိုက်ညီလျက်ရှိရာ “ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်” ဟူ၍ ခေါင်းစဉ်တပ်ပြီး နိုင်ငံပိုင်မီဒီယာများတွင် နေ့စဉ်ဖော်ပြနှိုးဆော်သတိပေးနေခြင်းဖြစ်သည်။ မိမိတို့နိုင်ငံမှာ ဒီမိုကရေစီနိုင်ငံဖြစ်ပြီး ဒီမိုကရေစီ ရှေ့ခရီးဆက်နိုင်ရန်မှာ လာမည့်ရွေးကောက်ပွဲက အရေးကြီးသည်။ မြန်မာနိုင်ငံတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတစ်ရပ် မဖြစ်မနေ ကျင်းပမည့်အကြောင်းနှင့်စပ်လျဉ်း၍ ကမ္ဘာ့ထိပ်သီးနိုင်ငံကြီးများအပါအဝင် နိုင်ငံများစွာတို့မှ နိုင်ငံ့ခေါင်းဆောင်များက အသိအမှတ်ပြုအားပေးထောက်ခံထားကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးအတွင်း၌ပင် ဩဂုတ် ၃၀ ရက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးရာတွင်လည်းကောင်း၊ ဩဂုတ် ၃၁ ရက် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှရီနာရန္ဒြာမိုဒီနှင့် တွေ့ဆုံဆွေးနွေးရာတွင်လည်းကောင်း၊ စက်တင်ဘာ ၁ ရက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ထောင်လွန်းစီစူလစ်နှင့် တွေ့ဆုံဆွေးနွေးရာတွင်လည်းကောင်း ထောက်ခံအားပေးမှုများရရှိခဲ့ပြီး ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ စေလွှတ်ပေးသွားမည့်အခြေအနေများကိုပါ ဆွေးနွေးခဲ့သည်ကို တွေ့ရသည်။

မိမိတို့နိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိရေးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မလွဲမသွေဖြတ်သန်းကြရမည်ဖြစ်သလို မဖြစ်မနေလည်း ကျင်းပရမည်ဖြစ်သည့်အလျောက် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသော အနှောင့်အယှက်၊ အဖျက်အဆီးဟူသမျှတို့ကို ဝိုင်းဝန်းကာကွယ် ဟန့်တားနှိမ်နင်းကြရပါမည့်အကြောင်း။ ။

ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၃

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ၃၈၁၂ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ငါးဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် အပျက်အစီးရှင်းလင်းရေးနှင့် ရှာဖွေကယ်ဆယ်ရေးများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၇၅ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်တွင်းပြည်ပမှ စေတနာရှင်၊ အလှူရှင်များ၏ ကူညီထောက်ပံ့လှူဒါန်းပေးမှုများဖြင့် ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

၃-၉-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၃၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

မိုးတိမ်တောင်ဖြစ်ပေါ်မှုကြောင့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၃

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄ - ၉ - ၂၀၂၅

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၉၃၅	၃၀၅၀	၃၀၁၅	၂၉၅၀	၃၀၅၅	၃၀၇၀	၃၀၉၀	၃၀၀၅	၄၅၀၅	၃၃၀၀	၃၀၂၅	၃၀၂၅	၃၀၉၅	၃၀၈၀	၃၀၈၀	၃၃၄၀
95 Ron	၃၀၂၅	၃၁၄၀	၃၁၀၅	၃၀၄၀	၃၁၄၅	၃၁၈၀	၃၁၇၅	၃၀၉၅	၄၅၈၀	၃၃၉၀	၃၁၀၀	၃၁၀၅	၃၁၈၅	၃၁၅၀	၃၁၇၀	၃၄၂၅
HSD (500 ppm)	၂၇၃၅	၂၈၅၀	၂၈၁၅	၂၇၅၀	၂၈၅၅	၂၈၇၀	၂၈၈၅	၂၈၀၅	-	၂၉၀၀	၂၈၂၀	၂၈၂၅	၂၈၉၅	၂၈၈၀	၂၈၈၀	၂၉၃၅
HSD (50 ppm)	၃၀၄၀	၃၂၅၀	၃၂၂၀	၃၀၅၅	၃၂၈၀	၃၂၇၅	၃၂၉၀	၃၂၃၀	၄၈၃၀	၃၅၀၅	၃၂၂၅	၃၂၃၀	၃၃၀၀	၃၂၈၅	၃၂၆၅	၃၅၄၀
HSD (10 ppm)	၃၀၄၀	၃၂၅၀	၃၂၂၀	၃၀၅၅	၃၂၈၀	၃၂၇၅	၃၂၉၀	၃၂၃၀	-	၃၅၀၅	၃၂၂၅	၃၂၃၀	၃၃၀၀	၃၂၈၅	၃၂၆၅	၃၅၄၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၇၆၈	၂၈၅၇
95 Ron	၂၈၅၄	၂၉၄၅
HSD (500 ppm)	၂၃၇၉	၂၄၅၆
HSD (50 ppm)	၂၉၆၅	၃၀၅၄
HSD (10 ppm)	၂၉၆၅	၃၀၅၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	ဟန်လင်းအောင်	**သတင်းထောက်မှူး**	-	ခင်ရတနာ
စာတည်းမှူး	-	မြင့်စိုး	**အကြီးတန်း**	-	ကျော်သူဝင်း၊ တင်မောင်လွင်၊
စာတည်းများ	-	ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း	**သတင်းထောက်များ**		ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဘာသာပြန်စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်	**အငယ်တန်း**	-	ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သုတေသန	-	အိအိခင်နှင့် အဖွဲ့	**သတင်းထောက်များ**		
စာပြင်	-	ဇော်မင်းသန်းနှင့် အဖွဲ့	**ဓာတ်ပုံသတင်းထောက်**	-	တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့	**အီးမေးနှင့် အွန်လိုင်း**	-	သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နိုင်ငံတကာမှဖိတ်ကြားထားသည့် နိုင်ငံ့ခေါင်းဆောင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❑ *ရှေ့ဖုံးမှ*

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုင်ငံတကာမှ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး သတ်မှတ်နေရာတွင် နေရာယူကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက တစ်ဦးချင်း ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုင်ငံတကာမှ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တက်ရောက်နေရာယူ

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုင်ငံတကာမှ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ဦးဆောင်၍ စစ်ရေးပြအခမ်းအနားကြည့်ရှုမည့် Tian'anmen Rostrum ရှုစင်သို့ တက်ရောက်နေရာယူကြသည်။

တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping မိန့်ခွန်းပြောကြားစဉ်။

ဆက်လက်၍ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားအား ကျင်းပပြုလုပ်ရာ ဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က မိန့်ခွန်းပြောကြားပြီး စစ်ရေးပြတပ်ဖွဲ့များအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် စစ်ရေးပြတပ်ဖွဲ့များက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့် တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များအား စစ်ရေးပြအစီအစဉ်အတိုင်း ချီတက်အလေးပြုကြသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲသို့တက်ရောက်

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတကာမှ ဖိတ်ကြားထားသည့် နိုင်ငံ့ခေါင်းဆောင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးဆွေးနွေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စစ်ရေးပြအခမ်းအနား မစတင်မီအချိန်တွင် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

ပါဝင်တက်ရောက်လာကြသည့် နိုင်ငံများအနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဥဇဘက်ကစ္စတန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အာမေးနီးယားနိုင်ငံနှင့် အခြားနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် တစ်ဦးချင်း ရင်းရင်းနှီးနှီး တွေ့ဆုံ၍ နိုင်ငံအလိုက် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များအား ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နိုင်ငံတကာမှ နိုင်ငံ့ခေါင်းဆောင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲ တက်ရောက်စဉ်။

Reception Commemorating the 80th Anniversary of the Victory of
Chinese
of Resistance Against Japanese Aggression
World Anti-Fascist W

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားသမ္မတအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံ့ခေါင်းဆောင်အား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံတကာမှ နိုင်ငံ့ခေါင်းဆောင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေကျင်းမြို့ရှိ Tebian Electric Apparatus (TBEA) ကုမ္ပဏီဥက္ကဋ္ဌနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေကျင်းမြို့ရှိ Tebian Electric Apparatus (TBEA) ကုမ္ပဏီသို့ သွားရောက်လေ့လာ

နေပြည်တော် စက်တင်ဘာ ၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အလုပ်သဘောခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဒေသစံတော်ချိန် ယနေ့ညနေ ၅ နာရီတွင် ပေကျင်းမြို့ရှိ Tebian Electric Apparatus (TBEA) ကုမ္ပဏီသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ရင်းနှီးနွေးထွေးစွာကြိုဆို

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် Tebian Electric Apparatus (TBEA) ကုမ္ပဏီသို့ရောက်ရှိကြရာ ကုမ္ပဏီဥက္ကဋ္ဌနှင့် ကုမ္ပဏီဝန်ထမ်းများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

မေးမြန်းဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီရုံးခန်း၌ ခင်းကျင်းပြသထားသည့် TBEA ကုမ္ပဏီမှ ဆောက်လုပ်ထားသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ကမ္ဘာတစ်ဝန်း စွမ်းအင်ထုတ်လုပ်ရေး၊ သတ္တုထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများအား လိုက်လံကြည့်ရှု လေ့လာကြပြီး ရှင်းလင်းပြသမှုများအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် Tebian Electric Apparatus (TBEA) ကုမ္ပဏီဥက္ကဋ္ဌတို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေကျင်းမြို့ရှိ Tebian Electric Apparatus (TBEA) ကုမ္ပဏီ၌ ခင်းကျင်းပြသထားသည်များကို ကြည့်ရှုလေ့လာစဉ်။

ရင်းရင်းနှီးနှီးဆွေးနွေး

ယင်းနောက် ကုမ္ပဏီအစည်းအဝေးခန်းမ၌တွေ့ဆုံ၍ TBEA ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံ၌ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများ၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများအား မြန်မာနိုင်ငံတွင် တည်ဆောက်ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်နှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့်အခြေအနေများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်၍ ကုန်ချောများ ထုတ်လုပ်နိုင်မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ တိုးတက်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက TBEA ကုမ္ပဏီဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး TBEA ကုမ္ပဏီဥက္ကဋ္ဌနှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

- ❍ ယနေ့ကာလတွင် မိမိနိုင်ငံ၏ လူသားအရင်းအမြစ်များဖြစ်သည့် မျိုးဆက်သစ် လူငယ်မောင်မယ်များအနေဖြင့် အနာဂတ်နိုင်ငံတော်ကြီးကို ကောင်းမွန်စွာ တည်ဆောက်နိုင်ရေးအတွက် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေးရည်မျှော်၍ ပြုစုပျိုးထောင်နေကြပြီး နိုင်ငံတော်ကိုဘက်စုံမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်
- ❍ သက်ဆိုင်ရာဘာသာရပ်အလိုက် အတွေ့အကြုံရင့်ကျက်မှုရှိသည့် အကဲဖြတ်ပညာရှင်ကြီးများအနေဖြင့်လည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ မှန်ကန်စွာသုံးသပ်ဆုံးဖြတ်နိုင်သည့်အပြင် ဘက်လိုက်မှုကင်းရှင်းစွာဖြင့် တိုင်းဒေသကြီး/ပြည်နယ်များမှ မျိုးဆက်သစ်လူငယ်များကို ဖော်ထုတ်ပေးနိုင်ကြလိမ့်မည်ဟု ယုံကြည်

❑ *ကျောဖုံးမှ*

ဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အမှာစကား ပြောကြားရာတွင် ယခင်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် “(၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး” တွင် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် မြန်မာ့အနုပညာ သမိုင်းမှတ်တမ်းတွင် အောင်မြင်စွာ ကမ္ပည်းရေးထိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ယခု ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် “(၂၆) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး”ကိုလည်း ပြိုင်ပွဲကြီး၏သမိုင်းအစဉ်အလာကောင်းများနှင့်အညီ ဖွင့်ပွဲ၊ ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲ၊ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားများအား တင့်တယ်စွာ စီစဉ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင် ညှိနှိုင်းမှုများကိုလည်း ပြုလုပ်ထားပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်

ယနေ့ကာလတွင် မိမိနိုင်ငံ၏ လူသားအရင်းအမြစ်များဖြစ်သည့် မျိုးဆက်သစ် လူငယ်မောင်မယ်များအနေဖြင့် အနာဂတ်နိုင်ငံတော်ကြီးကို ကောင်းမွန်စွာ တည်ဆောက်နိုင်ရေးအတွက် နိုင်ငံ့သားကောင်းများဖြစ်လာစေရေး ရည်မျှော်၍ ပြုစုပျိုးထောင်နေကြပြီး နိုင်ငံတော်ကိုဘက်စုံမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမဆိုင်ရာ ပညာရပ်များကို မြတ်နိုးတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက် လက်ဆင့်ကမ်းနေကြသည့် ပညာရှင်ကြီးများနှင့် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတွင်ရှိကြသည့် ဝါသနာရှင် မျိုးဆက်သစ် လူငယ်များ၏ ကြိုးပမ်းအားထုတ်မှုများကို အလေးအနက်ထားပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကိုလည်း နှစ်စဉ်နှစ်တိုင်း စဉ်ဆက်မပြတ် ကျင်းပနေခြင်းဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ ကျင်းပရာတွင် ခမ်းခမ်းနားနားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြပြီး သက်ဆိုင်ရာ ဘာသာရပ်အလိုက် အတွေ့အကြုံရင့်ကျက်မှုရှိသည့် အကဲဖြတ်ပညာရှင်ကြီးများအနေဖြင့်လည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်နိုင်သည့်အပြင် ဘက်လိုက်မှုကင်းရှင်းစွာဖြင့် တိုင်းဒေသကြီး/ပြည်နယ်များမှ မျိုးဆက်သစ်လူငယ်များကို ဖော်ထုတ်ပေးနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် ပြိုင်ပွဲကြီးများ ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အနုသုခုမဆိုင်ရာကဏ္ဍများအပြင် လုံခြုံရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများကိုလည်း ပြည့်စုံစေ့စပ်စွာ ဆောင်ရွက်နိုင်ကြမည်ဟုလည်း ယုံကြည်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ရိုးရာအစဉ်အလာ ဓလေ့ထုံးတမ်းများနှင့် ယဉ်ကျေးမှုဆိုင်ရာ ပညာအတွေ့အကြုံဗဟုသုတများသည် နိုင်ငံတော်အပေါ် ချစ်မြတ်နိုးစိတ်နှင့် မျိုးချစ်စိတ်တို့ကို ဖြစ်ပေါ်စေသည့် အခြေခံအကြောင်းတရားများပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ခြင်းသာမက ယဉ်ကျေးသိမ်မွေ့ခြင်းများနှင့်ပါ ပြည့်စုံသည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို ကျင်းပပြုလုပ်ခြင်းသည်လည်း မြန်မာ့အနုပညာကို ဖွံ့ဖြိုးတိုးတက်စေရုံသာမက ထူးခြားပြီး အနက်အဓိပ္ပာယ် ပြည့်ဝလှသည့် မြန်မာ့အနုပညာကို ကမ္ဘာကပင် တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

(၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန်အတွက် ကောင်းမွန်သည့် စီစဉ်ဆောင်ရွက်မှုများ၊ ကြိုးပမ်းအားထုတ်မှုများနှင့် ကျင်းပဆောင်ရွက်ကြသည့်အတွက် မြန်မာနိုင်ငံသားတို့၏ အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ထင်ဟပ်ဖော်ပြနေသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်စေရန်ကိုလည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့ အစည်းအဝေးတွင် တက်ရောက်လာကြသည့် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် ရင်းနှီးပွင့်လင်းစွာ ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြပေးနိုင်ကြရန် အလေးအနက်ထား ပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဦးစီးကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်နုမြဲ က (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ၊ ပြိုင်ပွဲကျင်းပရေးနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် အစီအမံများကို အကြံပြုဆွေးနွေး တင်ပြကြသည်။

ကဏ္ဍအလိုက် ရှင်းလင်းတင်ပြ

ထို့နောက် လုံခြုံရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေး၊ အခမ်းအနားပြင်ဆင်ရေးနှင့် အကဲဖြတ်အမှတ်ပေးကြီးကြပ်ရေးဆပ်ကော်မတီ၊ ပြိုင်ပွဲဝင်စိစစ်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် အခမ်းအနားများကျင်းပရေး ဆပ်ကော်မတီ၊ ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လှုံ့ဆော်ရေးဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ လုပ်ငန်းစစ်ဆေးရေး ဆပ်ကော်မတီနှင့် တည်းခိုမည့်နေရာအုပ်ချုပ်ရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဘာသာရပ်ဆိုင်ရာ အကဲဖြတ်ပညာရှင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဘားအံမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

ဘားအံ စက်တင်ဘာ ၃

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဘားအံမြို့ လှာကမြင်အားကစားကွင်း၌ အလျား ပေ ၂၀၀၊ အနံ ပေ ၁၃၀ ရှိ ဖွဲကပင်အားကစားရုံ တည်ဆောက်ပြီးစီးမှု၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရမည့်လုပ်ငန်း ၁၃ ခု၊ ကျက်သရေဆောင် ကြာအင်းတောင်ခြေ၌ သာသနာ့ဝေစည် ဓမ္မဗိမာန်တော်ကြီး တည်ဆောက်နေမှုနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးရေး ကြိုးပမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့ အမှတ် (၈) ရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီးဘေးရှိ UHM DEVELOPMENT Co.,Ltd. ပိုင် မြေဧရိယာ ၃ ဒသမ ၃၄၄ ဧကပေါ်၌ တည်ဆောက်လျက်ရှိသော Zwekabin Plaza နှင့် မြေညီထပ်တွင် ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီမှ တာဝန်ရှိသူများက တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားဝါသနာရှင်များနှင့်အတူ ဘားအံမြို့ အမှတ် (၅) ရပ်ကွက် ပြည်နယ်လူငယ်စင်တာ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ကရင်ပြည်နယ် ဝန်ကြီးချုပ်ဖလား ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဖွင့်ပွဲသို့ တက်ရောက်၍ ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ယနေ့ကျင်းပသည့် ပြည်နယ်ဝန်ကြီးချုပ်ဖလား ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို စက်တင်ဘာ ၂ ရက်မှ ၄ ရက်အထိ 9 Ball ပြိုင်ပွဲနှင့် 15 Red Snooker ပြိုင်ပွဲဟူ၍ အမျိုးအစားနှစ်မျိုးခွဲ ကျင်းပသွားမည်ဖြစ်ပြီး အနိုင်ရဗိုလ်စွဲသူများအား ဂုဏ်ပြုဆုများ ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

မှော်ဘီမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

မှော်ဘီ စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက အထက-ခွဲ (မြောက်ချောကုန်း)ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မှော်ဘီတပ်ဖွဲ့စု(၆၄)မှ ဒုတိယရဲမှူးအောင်ဇော်က ကျောင်းသား ကျောင်းသူများအား ခြေကျင်လျှောက်သူများ လိုက်နာရမည့်စည်းကမ်းများ၊ လမ်းဖြတ်ကူးလိုပါက လိုက်နာရမည့် စည်းကမ်းများ၊ အုပ်စုလိုက်အစုအဝေးဖြင့် လျှောက်လိုပါက လိုက်နာရမည့် စည်းကမ်းများ၊ အနေးယာဉ်စီးနင်းသူများ လိုက်နာရန်စည်းကမ်းများနှင့် ဆိုင်ကယ်စီးသူများ လိုက်နာရမည့် စည်းကမ်းချက်များကို အသိပညာပေးပြောကြားပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ အဆိုပါဟောပြောပွဲသို့ ဒုတိယရဲမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၁၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

အောင်ဇော်(မှော်ဘီ)

နောင်ချိုမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းနှင့် မဲဆန္ဒရှင်အသိပညာပေး သရုပ်ပြစမ်းသပ်မဲပေးခြင်းအခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၃ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာသင်တန်းနှင့် မဲဆန္ဒရှင်အသိပညာပေး သရုပ်ပြစမ်းသပ်မဲပေးခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးမြင့်ဦး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လာမည့်ရွေးကောက်ပွဲတွင် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်အပြင် FPTP နှင့် PR စနစ် ပေါင်းစပ်ထားသည့်ရောနှောထားသောကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional – MMP) ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကြိုတင်မဲများမှလွဲ၍ ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံများ၌ မဲပေးရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM) များဖြင့် ခလုတ်နှိပ်မဲပေးရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို အပိုင်းများခွဲ၍ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများရှိ အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲဝန်ထမ်းများအနေဖြင့် ရွေးကောက်ပွဲအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ကို အပြည့်အဝယုံကြည်ကြောင်းနှင့် မိမိတို့အတူလက်တွဲပြီး ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ကျောက်မဲခရိုင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးက မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုတတ်စေရန် မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ အသုံးပြုနည်းနှင့် ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာသူများက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေးကြသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက နယ်မြေလုံခြုံရေး တာဝန်ထမ်းဆောင်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး နောင်ချိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဥပဒေအသိပညာပြန့်ပွားရေးဒီပလိုမာ (Diploma In Legal Advocacy–DLA) သင်တန်းအမှတ်စဉ်(၁)သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

ဥပဒေအသိပညာပြန့်ပွားရေးဒီပလိုမာ(Diploma In Legal Advocacy–DLA) သင်တန်း အမှတ်စဉ် (၁) ကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ်အစည်းအဝေးခန်းမ၌ စတင်ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ်၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေရေးရာဝန်ကြီးဌာန၊ ယခင်ပြည်ထောင်စုရှေ့နေချုပ်ရုံး၏သမိုင်းတွင် ပထမဦးဆုံး ဥပဒေနှင့်ပတ်သက်သည့် Diploma သင်တန်းကို စတင်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူးနှင့်အထက်အရာရှိကြီးများအား သင်တန်းသားအဖြစ် လက်ခံကြောင်း၊ သင်တန်းသား ၅၀ အား သတ်မှတ်စံနှုန်းများဖြစ်သည့် ဘာသာရပ်ဆိုင်ရာ သုတေသနများနှင့် အခြားသောသုတေသနစာတမ်းများ ရေးသားရန်နှင့် ဌာနအသီးသီးတွင် ဥပဒေနှင့်စပ်လျဉ်း၍ ကိုင်တွယ်ကျင့်သုံးနေရသည့် အရာရှိများကို ပထမဦးစားပေးရွေးချယ်ထားခြင်းဖြစ်ကြောင်း၊ သင်တန်းပြီးလျှင် Diploma In Legal Advocacy ဘွဲ့ပေးမည်ဖြစ်ကြောင်း၊ သင်တန်းကာလ တစ်နှစ်ကြာမြင့်မည်ဖြစ်ပြီး ရှစ်လတွင် ဘာသာရပ်ဆိုင်ရာများ ပို့ချ၍ လေးလမှာ သုတေသနစာတမ်းများ ရေးသားရန်ဖြစ်ကြောင်း၊ သင်တန်းရက်ပေါင်း ၁၆၀ နှင့် စာသင်ချိန် ၃၂၀ သင်ကြားပို့ချမည်ဖြစ်ကြောင်း။

သင်တန်းတွင် ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များနှင့် ဌာနကြီးများ၏ ဆောင်ရွက်နေသည့်လုပ်ငန်းများဖြစ်သော ဥပဒေမူကြမ်းစိစစ်ရေးဆွဲခြင်း၊ ဥပဒေအကြံဉာဏ်ပေးခြင်း၊ တရားစွဲနှင့်အမှုလိုက်လုပ်ငန်း ဆောင်ရွက်ခြင်းများနှင့်စပ်လျဉ်းသည့် ဘာသာရပ်များ၊ ဥပဒေမူကြမ်းရေးဆွဲနည်းများ၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံရေးရာကိစ္စရပ်များ၊ စီးပွားရေးစာချုပ်စာတမ်းဆိုင်ရာကိစ္စရပ်များ၊ အထွေထွေအကြံပေးခြင်း လုပ်ငန်းရပ်များ၊ ပြစ်မှု/ တရားမမှုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားသိသင့်သိထိုက်သော ဥပဒေများကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း။

ယခုအချိန်တွင်ဥပဒေသည် အလွန်အရေးပါသည့် အခန်းကဏ္ဍတွင်ရှိ၍ ဥပဒေကိုလေးစားလိုက်နာပြီး ဥပဒေအသိပညာရှိခြင်းသည် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူဖြစ်ကြောင်း၊ သင်တန်းသားအရာရှိများအနေဖြင့် ယခုသင်တန်းတက်ရောက်ခြင်းဖြင့် ရရှိလာသည့်ဗဟုသုတများအား တရားဥပဒေစိုးမိုးရေးအတွက်သော်လည်းကောင်း၊ မိမိဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ မိမိအတွက်သော်လည်းကောင်း အကျိုးရှိစွာ အသုံးချနိုင်ရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ဥပဒေအသိပညာပြန့်ပွားရေးဒီပလိုမာ (Diploma In Legal Advocacy–DLA) သင်တန်းအမှတ်စဉ်(၁) သို့ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၂၀၂၅ခုနှစ် စက်တင်ဘာလမှ ၂၀၂၆ခုနှစ် ဩဂုတ်လ အထိသင်ကြားပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပင်လောင်းမြို့နယ်အတွင်း မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သည့် အစားထိုးအသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးစီမံကိန်း ထိုင်းသံအမတ်ကြီး ကွင်းဆင်းလေ့လာ

နောင်တရား စက်တင်ဘာ ၃ ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်လောင်းမြို့နယ် လွယ်မော ကျေးရွာအုပ်စု စိန်ပန်းကျေးရွာ၌ မြန်မာ – ထိုင်း နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်သည့် ရေရှည်တည်တံ့သော အစားထိုးအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေး စီမံကိန်းအဖြစ် မယ့်ဖားလုံဖောင်ဒေးရှင်းမှ ဆောင်ရွက်နေသော ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr.Mongkol Visitstumpနှင့် ဇနီး Mrs. Dang Thi Thu Hai၊ သံရုံးအဖွဲ့ဝင်များ၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များက ကွင်းဆင်းလေ့လာ ကြည့်ရှုသည်။

ဆက်လက်၍ အဆိုပါအဖွဲ့သည် စိန်ပန်းဘုန်းတော်ကြီးကျောင်းအနီး၌ မယ့်ဖားလုံ ဖောင်ဒေးရှင်းမှ ပံ့ပိုးထားသည့် စိုက်ပျိုးရေးထွက်ကုန်များ၊ မွေးမြူရေး ကျွဲ၊ နွားများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ကျောင်းတိုက်အနီးရှိ စိုက်ပျိုးထားသည့် စီမံကိန်းကော်ဖီခြံကို ကြည့်ရှုလေ့လာကာ မယ့်ဖားလုံ ဖောင်ဒေးရှင်းအဖွဲ့မှ Chief Development Execution Officer Mr. Narong Apichai နှင့် ကွင်းဆင်းတာဝန်ခံက သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်မှု၊ အထွက်နှုန်း၊ ဈေးကွက်အတွင်း ပြန်လည်ရောင်းချနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး သံအမတ်ကြီးနှင့် အဖွဲ့ဝင်များက စီမံကိန်းဒေသ စိုက်ပျိုးရေး၊ မွေးမြူရေးတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထို့နောက် သံအမတ်ကြီးနှင့် ဒေသခံပြည်သူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သံဃာတော်အရှင်သူမြတ်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒေသခံမွေးမြူရေး တောင်သူများကို မွေးမြူရေးကျွဲ၊ နွားများ ပေးအပ်ခဲ့သည်။

ခွန်အောင်(နောင်တရား)

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။

ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံ ကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၃

ဝဇီရာ ရုပ်ရှင်ရုံအား နိုင်ငံတကာ အဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်လမ်းရှိ ဝဇီရာ ရုပ်ရှင်ရုံ၌ ကျင်းပသည်။**(ယာပုံ)**

ညှိနှိုင်း အစည်းအဝေးသို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဝဇီရာ ရုပ်ရှင်ရုံ အဆင့်မြှင့်တင်မည့် လုပ်ငန်းများနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

လေလွင့်မှုမရှိရေး ကြပ်မတ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံကြီးအဖြစ် အဆင့်မြှင့်တင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ဖွဲ့စည်းပေးထားသည့် လုပ်ငန်းအလိုက် ဆပ်ကော်မတီများ အနေဖြင့် အသေးစိတ်စစ်ဆေး တွက်ချက်ပြီး အမြန်ဆုံးတင်ပြပေးရန် လိုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ အဆောက်အအုံပြုပြင်ခြင်းအပိုင်း၊ မီး၊ အသံပိုင်းဆိုင်ရာ ပြင်ဆင်ခြင်းအပိုင်းများနှင့်ပတ်သက်၍ အမှန်တကယ် အကျိုးရှိထိရောက်မည့် လုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ရန်နှင့် လေလွင့်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ပေါင်းစပ်ညှိနှိုင်းပေး

ဆက်လက်၍ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဝါးခယ်မနှင့် မြောင်းမြမြို့နယ်အတွင်း ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးပြီး e-ID စနစ်ဖြင့် Unique ID နံပါတ် တစ်ပါတည်းထုတ်ပေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများ၊ ဒေသခံရပ်မိရပ်ဖများနှင့်အတူ ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ စက်ရုံမမွေ့ရိပ်သာဘုန်းတော်ကြီးကျောင်း၌ စက်ရုံမမွေ့ရိပ်သာကျောင်းတိုက်ဦးစီးပဓာန နယကဆရာတော် ဘဒ္ဒန္တသုမနအမှူးပြုသော ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆရာတော်ကြီးများအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ကျောင်းတိုက်အတွက် ရဟန်းနှင့် သီလရှင်များ၊ တရားစခန်းဝင်ယောဂီများ အပါအဝင် အင်အား ၄၅၀ အတွက် တစ်နေ့တာ ကုန်ကျစရိတ် ဆွမ်းအလှူငွေများကို ကျောင်းတိုက်မှ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဝါးခယ်မမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးဝင်းအတွင်း၌ ဝန်ထမ်းများက ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး / ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူ ပြည်သူများအား ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် ဆောင်ရွက်ပေးနေမှု၊ နိုင်ငံသားကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ် တစ်ပါတည်းဆောင်ရွက်ထုတ်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ရုံးမှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှုနှင့် ရုံးပစ္စည်းများ၊ စာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှုအခြေအနေကိုလည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မိမိတို့ဌာနဝန်ထမ်းများစုပေါင်းကာ မြေပြင်ကွင်းဆင်း ကောက်ယူခဲ့သည့်စာရင်းများ စိစစ်အတည်ပြုခြင်းနှင့် မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက် တိုက်ဆိုင်စိစစ်ပြင်ဆင်အတည်ပြုခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မြောင်းမြမြို့နယ်ဦးစီးမှူးရုံး၌ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် စိစစ်ဆောင်ရွက်ပေးနေမှု လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်မှုနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ် တစ်ပါတည်း ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မြို့နယ်ရုံးအတွင်း ရုံးလက်ခံ နိုင်-၄ မှတ်တမ်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းများပါ အချက်အလက်များအား ရုံးချုပ်ရှိ e-ID Server မှ အချက်အလက်များနှင့် Online စနစ်ဖြင့် တိုက်ဆိုင်စိစစ်ပြင်ဆင်အတည်ပြုခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြောင်းမြခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးတို့အတွက် စားသောက်ဖွယ်ရာများကို တာဝန်ရှိသူများအား ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများအား မြောင်းမြမြို့နယ်မြေခံတပ်နယ်အစည်းအဝေးခန်းမ၌ တွေ့ဆုံကာ ဒီဇင်ဘာလအတွင်းကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မကြာမီတင်သွင်းလာမည့် ပါတီအသီးသီးမှ ကိုယ်စားလှယ်လောင်းများ စိစစ်ခြင်းလုပ်ငန်းကိုလည်း သတ်မှတ်ချိန်အမီ စိစစ်ပြန်ကြားနိုင်ရေးနှင့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝန်ထမ်းများအနေဖြင့် ဆက်စပ်ဌာနများနှင့်ပူးပေါင်းကာ စည်းလုံးညီညွတ်စွာဖြင့် ကျရာကဏ္ဍမှ တာဝန်ကျေပွန်အောင်ထမ်းဆောင်နိုင်ရေးအခြေအနေများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် နိုင်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား)တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသား အဖွင့်ပွဲစဉ်ဖြစ်သည့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်အသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အသင်း၊ အမျိုးသမီးအဖွင့်ပွဲစဉ်ဖြစ်သည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။**(ယာပုံ)**

ကျင်းပသွားမည်

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) (အမျိုးသား/ အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၃ သင်းနှင့် အမျိုးသမီးအသင်း ကိုးသင်းတို့ဖြင့် စက်တင်ဘာ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားတွင် အသက် ၈၅ နှစ်နှင့်အထက်၊ အသက် ၁၀၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ဂါရဝပြုထောက်ပံ့မှုများပေးအပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

မြစ်ကြီးနား စက်တင်ဘာ ၃

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ကချင်ပြည်နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ အသက် ၁၀၀ နှင့်အထက် ဘိုးဘွားများအား ဂါရဝပြုထောက်ပံ့မှုများ ပေးအပ်နိုင်ရေးနှင့် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကား ပြောကြားပြီး ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်က အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားအစီအစဉ်နှင့် စီမံဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြည်နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက်၊ အသက် ၁၀၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ဂါရဝပြုထောက်ပံ့သွားမည့်အစီအစဉ်ကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ ရောရပ်ကွက်အတွင်း ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် မြို့တော်ခန်းမသစ် တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ တာဝန်ယူ တည်ဆောက်လျက်ရှိသော ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာနှင့် တာဝန်ခံအင်ဂျင်နီယာတို့က စီမံကိန်းတန်ဖိုးအလိုက် ဆောင်ရွက်ပြီးစီးရမည့် လုပ်ငန်းများအပေါ် ပစ္စည်းစုဆောင်းထားရှိမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် လုပ်ငန်းစီမံကိန်းများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး မြို့တော်ခန်းမသစ် တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

ပြည်နယ်(ပြန်/ဆက်)

ကယားပြည်နယ် လွိုင်ကော်မြို့ ရေကြီးရေလျှံမှုမှကာကွယ်ရန် ဘီလူးချောင်းရေလမ်းကြောင်း ရှင်းလင်းရေးဆောင်ရွက်

လွိုင်ကော် စက်တင်ဘာ ၃

မိုးသည်းထန်စွာရွာသွန်းပြီး ဘီလူးချောင်းရေ မြင့်တက်မှုကြောင့် လွိုင်ကော်မြို့ရှိ အနိမ့်ပိုင်း ရပ်ကွက်ကျေးရွာများ၌ ရေကြီးရေလျှံမှုနှင့် ဘီလူးချောင်းကမ်းနား တစ်လျှောက်ရှိ သီးနှံစိုက်ခင်းများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စက်ယန္တရားများအသုံးပြု၍ ဘီလူးချောင်းရေစီးကြောင်း တစ်လျှောက် သဲနုန်းများနှင့် အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းနေမှုကိုလည်းကောင်း၊ မထောခူကျေးရွာအုပ်စု သတ္တဗလူကျေးရွာ ဘီလူးချောင်းကမ်းနားတစ်လျှောက်ရှိတောင်သူများ၏ ပြောင်း၊ မြေပဲနှင့် တောင်ယာ စပါးစိုက်ခင်းများ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ရေနီကန်ကျေးရွာရှိ Treasure Corn စပါးနှင့် ပြောင်းအခြောက်ခံစက်ရုံ၌ စက်ရုံလည်ပတ်၍ တစ်ရက်လျှင် ပျမ်းမျှတန် ၃၀ ခန့် သီးနှံအခြောက်ခံ ဆောင်ရွက်ပေးနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး ကျေးရွာအတွင်း မြေပဲနှင့် ပြောင်းသီးနှံများ အချိန်မီရိတ်သိမ်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုသည်။

ယင်းနောက် အခြေခံပညာ မူလတန်းကျောင်း (သတ္တဗလူ) ၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှု၊ ကျောင်းဥပမိရိပ်ကောင်းမွန်ရေးအတွက် ကျောင်းနှင့် စာသင်ဆောင်များ သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှုနှင့် ကျောင်းစာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ကျောင်းဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုနိုင်ရန် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

၂၀၂၆ ယူ - ၂၃ အာရှဖလားခြေစစ်ပွဲ အုပ်စုအဖွင့်ပွဲစဉ် ယှဉ်ပြိုင် မြန်မာအသင်းနှင့် ကူဝိတ်အသင်းတို့ ဂိုးမရှိ သရေကျ

ရန်ကုန် စက်တင်ဘာ ၃

မြန်မာလက်ရွေးစင် ယူ-၂၃ အမျိုးသားအသင်းနှင့် ကူဝိတ်လက်ရွေးစင် ယူ-၂၃ အမျိုးသားအသင်းတို့၏ ၂၀၂၆ ယူ-၂၃ အာရှဖလားခြေစစ်ပွဲကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဘောလုံးချစ်ပရိသတ်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါခြေစစ်ပွဲတွင် မြန်မာလက်ရွေးစင် ယူ-၂၃ အမျိုးသားအသင်းနှင့် ကူဝိတ်လက်ရွေးစင် ယူ-၂၃ အမျိုးသားအသင်းတို့သည် ပွဲပြီးဆုံးချိန်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ခဲ့သဖြင့် ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

မြန်မာလက်ရွေးစင် ယူ-၂၃ အမျိုးသားအသင်းသည် ၂၀၂၆ ယူ-၂၃ အာရှဖလား ခြေစစ်ပွဲစဉ် အုပ်စု(ခ) တွင် ကူဝိတ်၊ ဂျပန်နှင့် အာဖဂန်နစ္စတန်အသင်း တို့နှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်ပြီး စက်တင်ဘာ ၆ ရက်တွင် ဂျပန် လက်ရွေးစင် ယူ-၂၃ အမျိုးသားအသင်းနှင့် လည်းကောင်း၊ စက်တင်ဘာ ၉ ရက်တွင် အာဖဂန်နစ္စတန် လက်ရွေးစင် ယူ-၂၃ အမျိုးသားအသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

ဖွဲ့ထက်ကို

(ပြန်/ဆက်)

ချောင်းဆုံမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

ချောင်းဆုံ စက်တင်ဘာ ၃

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ ယနေ့ မွန်းလွဲ ၁ နာရီက ရွာလွတ်အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ပညာဂုဏ်ရောင်ခန်းမ၌ လူငယ်စကားဝိုင်း ကျင်းပသည်။ (ယာပုံ)

ဦးစွာ မြို့နယ်ပညာရေးမှူး ဦးလှဌေးက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာက ဦးဆောင် ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ ပါဝင်ဆွေးနွေးသူ (Grade-12) ကျောင်းသား မောင်ငြိမ်းထက်စံက "လူငယ်တွေ နည်းပညာနှင့်ပတ်သက်၍ ရရှိနိုင်သည့် အကျိုးကျေးဇူး"၊ (Grade-10) ကျောင်းသူ မပန်းသူငြိမ်းမြတ်က "နည်းပညာရဲ့ တိုးတက်မှုအကြောင်း"၊ (Grade-11) ကျောင်းသား မောင်ဉာဏ်ဟိန်းက "နည်းပညာဖြင့် ပေါင်းစပ်ထားတဲ့ မွေးမြူရေး"နှင့် ကျောင်းသူ မိခိုင်သဇင်ဖူးက "စိုက်ပျိုးရေးနှင့် နည်းပညာကဏ္ဍပေါင်းစပ်မှု" စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများ၏ သိလိုသည်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ကိုကျော်

(ချောင်းဆုံ)

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

စနစ်သစ်နှင့် ရွေးကောက်ပွဲဆီသို့ (၁)

မဲဆန္ဒရှင်တစ်ဦး

နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄ တွင် နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်ဟု ညွှန်းဆိုထားသည်။ နိုင်ငံသားတို့က အချုပ်အခြာအာဏာကို ကျင့်သုံးရန် ရွေးကောက်ပွဲနည်းလမ်းမှတစ်ပါး အခြားမရှိ။ ပြည်သူများက မိမိတို့ကို ကိုယ်စားပြုရမည့် ကိုယ်စားလှယ်များကို ရွေးကောက်ပွဲတွင် ဆန္ဒမဲပေး၍ ရွေးချယ်ရသည်။ ရွေးချယ်ခံရသည့် ကိုယ်စားလှယ်များက ပြည်သူ့ထံမှဆင်းသက်လာသည့် အချုပ်အခြာအာဏာအရပ်ရပ်ကို ပြည်သူများကိုယ်စား ကျင့်သုံးဖော်ဆောင်ခြင်းဖြစ်ပါသည်။ ထို့အတွက် ပြည်သူတို့က ရွေးကောက်ပွဲတွင် ဆန္ဒမဲ ပေးသင့်ပါသည်။

ဒီမိုကရေစီရွေးကောက်ပွဲ

ဒီမိုကရေစီ ရွေးကောက်ပွဲဆိုသည်မှာ အထွေထွေရွေးကောက်ပွဲတစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် မဲဆန္ဒရှင် ပြည်သူလူထု၏ ထောက်ခံဆန္ဒမဲများကို သက်ဆိုင်ရာလွှတ်တော်အသီးသီး၏ ကိုယ်စားလှယ်နေရာများအဖြစ်သို့ ပြောင်းလဲပေးလိုက်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်သူလူထု၏ ကိုယ်စားပြုမှုကို ဖော်ဆောင်ပေးလိုက်ခြင်းပင် ဖြစ်သည်။

ထို့ကြောင့် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကျင့်သုံးသည့်နိုင်ငံများသည် မိမိနိုင်ငံသမိုင်းကြောင်း၊ နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံရေးဖြစ်ထွန်းမှု စသည့်အချက်များပေါ်မူတည်၍ ရွေးကောက်တင်မြှောက်ပုံစနစ်များကို ရေးဆွဲကျင့်သုံးရသည်။ ယင်းသို့ကျင့်သုံးလိုက်သည့် ရွေးကောက်ပွဲစနစ်များသည် နိုင်ငံ့အနာဂတ်အတွက် ရေတို သို့မဟုတ် ရေရှည် အမျိုးသားအကျိုးစီးပွား ဖြစ်ထွန်းမှုအပေါ်တွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သက်ရောက်လျက်ရှိနေမည်ဖြစ်သည်။

ရွေးကောက်ပွဲအခြေခံသဘောတရားများ

ရွေးကောက်ပွဲတွင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ သမာသမတ်ကျခြင်း၊ အများယုံကြည်လက်ခံခြင်း၊ တာဝန်ယူမှုရှိခြင်း၊ လူထုကိုယ်စားပြုမှုကို ဖော်ဆောင်နိုင်ခြင်း၊ အားလုံးပါဝင်နိုင်ခြင်း၊ ရွေးကောက်ပွဲစီမံခန့်ခွဲမှု အားကောင်းခြင်း၊ ပြဋ္ဌာန်းဥပဒေများနှင့် ညီညွတ်ခြင်းတို့သည် အများကလက်ခံထားသည့် အခြေခံသဘောတရားများ ဖြစ်ပါသည်။

မည်သည့် ဒီမိုကရေစီအုပ်ချုပ်ရေးအတွက်မဆို ရွေးကောက်ပွဲစနစ်ရွေးချယ်မှုသည် အရေးကြီးသော ဥပဒေရေးရာ မူဘောင်တစ်ရပ်ဖြစ်ပါသည်။ ရွေးချယ်လိုက်သည့် ရွေးကောက်ပွဲစနစ်တစ်ခုသည် နိုင်ငံ့အနာဂတ်နှင့် နိုင်ငံရေးပုံရိပ်တို့အပေါ်တွင် နက်ရှိုင်းစွာ အကျိုးသက်ရောက်မည်ဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲစနစ်နှင့် ရွေးကောက်ပွဲများသည် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အလွန်အရေးကြီးသည်။

အချို့ရွေးကောက်ပွဲစနစ်များက တစ်ပါတီတည်း ကြီးစိုးသည့်အခြေအနေကို ပေါ်ပေါက်စေသည်။ အချို့ရွေးကောက်ပွဲစနစ်များက ညွန့်ပေါင်းအစိုးရတစ်ရပ်ရပ်ကို ဦးတည်စေသည်။ အချို့ရွေးကောက်ပွဲစနစ်များက မဲဆန္ဒရှင်တို့၏ ကိုယ်စားပြုမှုကို အချိုးကျဖော်ဆောင်ပေးနိုင်ပြီး အချို့ရွေးကောက်ပွဲစနစ်များတွင် မဲသာသူက အနိုင်ရသဖြင့် ကျန်မဲဆန္ဒရှင်များအတွက် ကိုယ်စားပြုမှု ဆုံးရှုံးနစ်နာရကြောင်း တွေ့ရှိရသည်။

> ❐ **မဲပေးစက်အသုံးပြုခြင်းဖြင့် ပယ်မဲမရှိခြင်း၊ ရိုးရှင်းလွယ်ကူစွာမဲပေးနိုင်ခြင်း၊ မဲဆန္ဒရှင်က မိမိမဲပေးထားချက်ကို မျက်မြင်စစ်ဆေးကြည့်ရှုနိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ လွယ်ကူမှန်ကန်မြန်ဆန်ခြင်း၊ မဲရလဒ်များ မိနစ်ပိုင်းအတွင်း ထုတ်ယူနိုင်ခြင်း၊ အပြန်အလှန်စစ်ဆေးနိုင်ခြင်း၊ MEVM စက်တွင် ပြင်ပမှ ချိတ်ဆက်ဆောင်ရွက်နိုင်သည့် USB Port များ မပါဝင်ခြင်း၊ Wifi၊ Bluetooth ကဲ့သို့သော ကြိုးမဲ့စနစ်နှင့် အင်တာနက်ကွန်ရက် ချိတ်ဆက်နိုင်သည့်စနစ်များ မပါဝင်ခြင်းတို့ကြောင့် ပြင်ပမှ ဝင်ရောက်နှောင့်ယှက်၍မရဘဲ လုံခြုံမှုရှိခြင်း၊ မဲမသမာမှုလုပ်၍မရခြင်း၊ ရာနှုန်းပြည့် ယုံကြည်စိတ်ချရခြင်း၊ ရွေးကောက်ပွဲအစဉ်အဆက် အသုံးပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်**

ထို့ကြောင့် မိမိနိုင်ငံ၊ မိမိပြည်သူနှင့် သင့်လျော်သော ရွေးကောက်ပွဲစနစ်များကို ရွေးချယ်၍လည်းကောင်း၊ တီထွင်ဖန်တီး၍လည်းကောင်း၊ ရွေးကောက်ပွဲစနစ်တစ်ခုမှတစ်ခုသို့ ပြောင်းလဲ၍လည်းကောင်း ရေးဆွဲကျင့်သုံးကြရသည်။ ထိုသို့ဆောင်ရွက်ရာတွင် အတိတ်နှင့် ပစ္စုပ္ပန်ကို သုံးသပ်ပြီး အနာဂတ်ဖြစ်နိုင်ခြေများကိုလည်း ကြိုတင်မြော်တွေး၍ ဆောင်ရွက်ရသည်။

အခြေခံရွေးကောက်ပွဲစနစ်များ

ရွေးကောက်ပွဲစနစ်ဆိုင်ရာ ကျွမ်းကျင်သူများ၏အဆိုအရ နိုင်ငံအများစုတွင် ကျင့်သုံးနေသော အဓိကရွေးကောက်ပွဲစနစ်အုပ်စု ၃ အုပ်စုရှိသည်ဟုဆိုပါသည်။ **ဗဟုအများစုကိုယ်စားပြုစနစ်များအုပ်စုတွင်** မဲအများဆုံးရသူ အနိုင်ရစနစ် (First Past The Post – FPTP)၊ နှစ်ကျော့ပြန်စနစ် (Two Round System – TRS)၊ ကြိုက်နှစ်သက်မှု ဦးစားပေးစနစ် (Alternative Vote – AV)၊ ကိုယ်စားလှယ်ဗဟိုပြုစနစ် (Block Vote – BV)၊ ပါတီဗဟိုပြုစနစ် (Party Block Vote – PBV) တို့ ပါဝင်ပါသည်။ **အချိုးကျကိုယ်စားပြုစနစ်များအုပ်စုတွင်** စာရင်းအလိုက် အချိုးကျကိုယ်စားပြုစနစ် (List Proportional Representation – List PR) နှင့် လွှဲပြောင်း၍ရသော တစ်မဲတည်းမဲပေးစနစ် (Single Transferable Vote – STV) တို့ ပါဝင်ပါသည်။ **ပေါင်းစပ်ထားသည့်စနစ်များအုပ်စုတွင်** အပြိုင်စနစ် (Parallel System)နှင့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional – MMP) တို့ ပါဝင်ပါသည်။ အသုံးနည်းသည့် တွက်ချက်မှုရှုပ်ထွေးသော စနစ်အချို့လည်းရှိသည်ဟု ဆိုပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံတွင် ဗဟုအများစုကိုယ်စားပြုစနစ် ၇၄ နိုင်ငံ၊ အချိုးကျကိုယ်စားပြုစနစ် ၇၈ နိုင်ငံ၊ စနစ်နှစ်မျိုး ရောနှောထားသော ပေါင်းစပ်ထားသည့်စနစ်များ ကျင့်သုံးသည့်နိုင်ငံ ၃၃ နိုင်ငံနှင့် အခြားစနစ်ကျင့်သုံးသည့်နိုင်ငံ ၈ နိုင်ငံရှိကြောင်း သိရသည်။

ရွေးကောက်ပွဲစနစ်အတွက် လိုအပ်ချက်များ

ရွေးကောက်ပွဲစနစ်တစ်ရပ် ဖော်ဆောင်ခြင်းနှင့် စနစ်တစ်ခုမှတစ်ခုသို့ ပြောင်းလဲကျင့်သုံးခြင်း ဆောင်ရွက်ရာတွင် အခြေခံဥပဒေနှင့်ညီညွတ်ခြင်း၊ မျှတသောကိုယ်စားပြုမှုကို ဖော်ဆောင်နိုင်ခြင်း၊ ရိုးရှင်းလွယ်ကူစွာ မဲပေးနိုင်ခြင်း၊ တန်းတူပါဝင်ယှဉ်ပြိုင်နိုင်ခွင့်ရှိခြင်း၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်များက မဲဆန္ဒရှင်ကို တာဝန်ခံခြင်း၊ မတူကွဲပြားမှုများကို စုစည်းနိုင်ပြီး တူညီသော ညီညွတ်မှုကို ဖော်ဆောင်နိုင်ခြင်း၊ တည်ငြိမ်သော အစိုးရတစ်ရပ်ကို ဖြစ်ပေါ်စေခြင်း၊ နိုင်ငံရေးပါတီငယ်များနှင့် တိုင်းရင်းသားလူမျိုးစုများကို အားပေးခြင်း၊ နိုင်ငံတကာစံသတ်မှတ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်တည်ငြိမ်ပြီး ရေရှည်တည်တံ့စေခြင်း၊ တည်ငြိမ်သော နိုင်ငံရေးပုံရိပ်ကောင်းကို ဖြစ်ထွန်းစေခြင်း၊ အမျိုးသားအကျိုးစီးပွားကို ရေရှည်ဖော်ဆောင်နိုင်ခြင်းနှင့် ဒီမိုကရေစီ၏အနှစ်သာရဖြစ်သော ဗဟုနိုင်ငံရေး (Multipolitic)ကို မြှင့်တင်ပေးနိုင်ခြင်း စသည်တို့ အပေါ်တွင်အခြေခံပြီး စဉ်းစားသုံးသပ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးခြင်း

မြန်မာနိုင်ငံတွင် ယခင်က ရွေးကောက်ပွဲများကို မဲအများဆုံးရသူအနိုင်ရစနစ် FPTP ဖြင့် ကျင်းပခဲ့ပါသည်။ ယခင်ကျင့်သုံးခဲ့သည့် ရွေးကောက်ပွဲစနစ်၏ အားနည်းချက်၊ အားသာချက်၊ နိုင်ငံသားတို့၏ အကျိုးစီးပွားလိုအပ်ချက်၊ ရွေးကောက်ပွဲမှ ပေါ်ပေါက်ခဲ့သည့် နိုင်ငံရေးအကျိုးဆက်၊ အနာဂတ်နိုင်ငံ့အကျိုးစီးပွား မျှော်မှန်းချက်တို့အပေါ် မူတည်၍ ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရန် လိုအပ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၉-၇-၂၀၂၅ ရက်စွဲဖြင့် ပြဋ္ဌာန်းလိုက်သည့် လွှတ်တော်ရွေးကောက်ပွဲဥပဒေများကို ဆဋ္ဌမအကြိမ် ပြင်ဆင်သည့် ဥပဒေတွင် လာမည့် ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲစနစ်သစ် ပါဝင်ကြောင်း ထင်သာမြင်သာတွေ့ရှိရသည်။ ပြည်သူ့လွှတ်တော်အတွက် ယခင်အတိုင်း FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် FPTP စနစ်အပြင် PR စနစ်လည်းပါဝင်သည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP) ကျင့်သုံးရန် ပြဋ္ဌာန်းထားသည်။ ရွေးကောက်ပွဲ၏ အကျိုးကျေးဇူးဖြစ်သော FPTP စနစ်၏ အားသာချက်နှင့် PR စနစ်၏ ကောင်းကျိုးများ ရရှိစေရန်၊ တိုင်းရင်းသားလူမျိုးစုများအတွက် ပေါင်းစည်းခြင်း၊ ကိုယ်စားပြုခြင်းနှင့် မျှတခြင်း အခွင့်အလမ်းများကို မြှင့်တင်ပေးရန် ရည်ရွယ်ထားကြောင်း ရှင်းလင်းစွာတွေ့ရှိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကလည်း အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်များစာရင်းကို ၁၅-၈-၂၀၂၅ ရက်နေ့တွင် သတ်မှတ်ကြေညာခဲ့သည်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲအတွက် FPTP မဲဆန္ဒနယ် ၃၃၀ နယ်၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲအတွက် FPTP မဲဆန္ဒနယ် ၈၄ နယ်နှင့် PR မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များအတွက် FPTP မဲဆန္ဒနယ် ၃၂၂ နယ်နှင့် PR မဲဆန္ဒနယ် ၄၂ နယ်၊ တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်၊ မဲဆန္ဒနယ်စုစုပေါင်း ၈၃၃ နယ်ဖြစ်ပါသည်။ FPTP မဲဆန္ဒနယ်များတွင် ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင်မြှောက်ရမည်။ PR မဲဆန္ဒနယ်များတွင် ကိုယ်စားလှယ် နှစ်ဦးနှင့်အထက် ရွေးကောက်တင်မြှောက်ရမည်ဖြစ်ပါသည်။

MMP စနစ်ဆိုသည်မှာ

MMP စနစ်ဆိုသည်မှာ ရောနှောထားသည့်စနစ်များအုပ်စုတွင် ပါဝင်သည့်စနစ်တစ်မျိုး ဖြစ်ပါသည်။ မတူညီသည့် ရွေးကောက်ပွဲစနစ်နှစ်မျိုးကို ကျင့်သုံးခြင်းဖြစ်သည်။ သာမန်အားဖြင့် ဗဟုအများစုကိုယ်စားပြုစနစ်နှင့် အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ကျင့်သုံးခြင်းဖြစ်သည်။ အဓိကအားဖြင့် FPTP စနစ်နှင့် PR စနစ်တို့ကို ပေါင်းစပ်ပြီး မဲဆန္ဒနယ်နှင့် ရွေးကောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက် ခွဲခြား၍ ကျင့်သုံးခြင်းဖြစ်ပါသည်။ ပထမနည်း – မဲဆန္ဒရှင်က FPTP အတွက် မိမိနှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို မဲတစ်ကြိမ်၊ PR အတွက် နှစ်သက်ရာ ပါတီကို မဲတစ်ကြိမ်၊ မဲနှစ်ကြိမ် ပေးသည့်စနစ်လည်းရှိသည်။ ဒုတိယနည်း – နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို မဲတစ်ကြိမ်သာပေးရပြီး ကိုယ်စားလှယ်လောင်းရရှိသည့်မဲက ယင်းကိုယ်စားပြုသည့်ပါတီက ရသည့်မဲအဖြစ် FPTP အတွက်ရော PR အတွက်ပါ တွက်ယူသည့်စနစ်လည်း ရှိပါသည်။

လာမည့်ရွေးကောက်ပွဲအတွက် MMP စနစ်ကို ဒုတိယနည်းဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ ဤနည်းလမ်းအရ မဲဆန္ဒရှင်က ယခင်ရွေးကောက်ပွဲများအတိုင်း မဲတစ်ကြိမ်သာပေးရပါမည်။ မဲတစ်ကြိမ်ပေးရုံဖြင့် FPTP ကိုယ်စားလှယ်ရော PR ကိုယ်စားလှယ်များကိုပါ တပေါင်းတစည်းတည်း ရွေးကောက်တင်မြှောက်နိုင်မည် ဖြစ်ပါသည်။ ရိုးရှင်းပါသည်။ လွယ်ကူပါသည်။ ရှုပ်ထွေးမှုမရှိပါ။ အခက်အခဲလည်း မရှိပါ။ နိုင်ငံရေးပါတီများက FPTP မဲဆန္ဒနယ်အတွက်ရော PR မဲဆန္ဒနယ်အတွက်ကိုပါ ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရန်ဖြစ်ပါသည်။ ရွေးကောက်တင်မြှောက်ခံရသည့်

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

ကိုယ်စားလှယ်များအား MMP စနစ်ဖြင့် ပေါင်းစည်းတွက်ချက်ခြင်းကို တိုင်းဒေသကြီး၊ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ဆောင်ရွက်မည်ဖြစ်သဖြင့် အမှားအယွင်းမရှိနိုင်ပါ။ ပါတီများက ရသည့် ခိုင်လုံမဲအချိုးအစားအတိုင်း ကိုယ်စားလှယ်များ ရွေးကောက်ခံရမည်ဖြစ်ပါသည်။

MMP စနစ်အရ FPTP စနစ်နှင့် PR စနစ်တို့ကို ပေါင်းစပ်ကျင့်သုံးခြင်းဖြစ်သဖြင့် စနစ်နှစ်မျိုးစလုံး၏ အားသာချက်နှင့် ကောင်းကျိုးများကို ရရှိမည်ဖြစ်သည်။ FPTP စနစ်အရ ကိုယ်စားလှယ် အချိုးမညီမျှမှုကို PR စနစ်ဖြင့် အချိုးကျမျှတအောင် ဖြည့်ဆည်းပေးနိုင်သည်။ FPTP မဲဆန္ဒနယ်တွင် ကိုယ်စားလှယ်နေရာ မရခဲ့ပါကလည်း ပါတီကရသည့် အချိုးကျမဲအရ PR မဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်ရရှိနိုင်သည့်စနစ် ဖြစ်ပါသည်။ မဲဆန္ဒရှင်များက နှစ်သက်ရာ ကိုယ်စားလှယ်လောင်းနှင့်ပါတီကို စိတ်ကြိုက်ရွေးချယ်နိုင်သည့် အခွင့်အလမ်းရှိသည်။ အဓိကအားဖြင့် တိုင်းရင်းသားလူမျိုးစုပါတီများအတွက် ဒေသအလိုက် ကိုယ်စားပြုမှု ပိုမိုရရှိလာမည်ဖြစ်သည်။ လူထုအလွှာအသီးသီးကို ကိုယ်စားပြုသော ပါတီငယ်များအတွက်လည်း ကိုယ်စားလှယ်နေရာများ ပိုမိုရရှိလာမည်ဖြစ်သည်။ လွှတ်တော်တွင် ပါတီစုံဖြင့် ကိုယ်စားပြုမှု စနစ် ပိုမိုမြင့်မားလာမည်ဖြစ်သည်။ လွှတ်တော်တွင်း ယခင်သက်တမ်းက တိမ်းစောင်းခဲ့သည့် အပြန်အလှန် ထိန်းကျောင်းမှုယန္တရားကို ပြန်လည်တည့်မတ်ပေးနိုင်မည်ဖြစ်သည်။ ပါတီကြီးတစ်ခုတည်းက လွှမ်းမိုးသော နိုင်ငံရေးယဉ်ကျေးမှုပုံစံမှ ဒီမိုကရေစီ၏အနှစ်သာရဖြစ်သော Multiparty ပါတီစုံပုံစံ ပိုမိုပေါ်လွင်လာမည်ဖြစ်သည်။

ရွေးကောက်ပွဲစနစ်၊ မဲဆန္ဒနယ်နှင့် ကိုယ်စားပြုခြင်း

နိုင်ငံအလိုက် ရွေးကောက်ပွဲစနစ် တစ်မျိုးတည်းကို ကျင့်သုံးခြင်း၊ လွှတ်တော်တစ်ရပ်လျှင် ရွေးကောက်ပွဲစနစ်တစ်မျိုးစီ ခွဲခြားကျင့်သုံးခြင်း၊ လွှတ်တော်တစ်ရပ်တည်းတွင် ကိုယ်စားလှယ်အရေအတွက် ခွဲခြားသတ်မှတ်၍ ရွေးကောက်ပွဲစနစ်နှစ်မျိုး ပူးတွဲကျင့်သုံးခြင်းတို့ကို မိမိနိုင်ငံ အခြေအနေနှင့် လိုက်လျောညီထွေစွာ ရွေးချယ်ကျင့်သုံးကြောင်း တွေ့ရှိရပါသည်။

အချို့နိုင်ငံများက မည်သည့်ရွေးကောက်ပွဲစနစ်ဖြင့် ရွေးကောက်တင်မြှောက်ရမည်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားပြီး အချို့နိုင်ငံများက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိဘဲ လွှတ်တော် ရွေးကောက်ပွဲဥပဒေကဲ့သို့သော သက်ဆိုင်ရာ ဥပဒေများတွင်သာ ပြဋ္ဌာန်းထားပါသည်။ မည်သည့် ရွေးကောက်ပွဲစနစ်အတွက်မဆို မဲဆန္ဒနယ် သတ်မှတ်ခြင်းသည် အရေးကြီးပါသည်။ ရွေးကောက်ပွဲစနစ်အရ ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်ရမည့် FPTP မဲဆန္ဒနယ်နှင့် ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ရွေးကောက်ရမည့် PR မဲဆန္ဒနယ်ဟူ၍ နှစ်မျိုးရှိပါသည်။ မဲဆန္ဒနယ် သတ်မှတ်ရာတွင် ကိုယ်စားလှယ်အရေအတွက်နှင့် နိုင်ငံ့လူဦးရေ အချိုးအစားပေါ် အခြေခံ၍လည်းကောင်း၊ နယ်မြေဒေသကို အခြေခံ၍လည်းကောင်း၊ နယ်မြေတစ်ခုနှင့်တစ်ခု လူဦးရေအချိုးညီမျှမှုကို အခြေခံ၍လည်းကောင်း၊ လူမျိုးစုဒေသများကို အခြေခံ၍လည်းကောင်း သတ်မှတ်လေ့ရှိသည်။ FPTP စနစ်အရ မဲဆန္ဒနယ်တစ်နယ်ချင်းစီ ကိုယ်စားပြုသည်။ PR စနစ်အရ မဲဆန္ဒနယ် တစ်နယ်လုံးကို စုပေါင်းကိုယ်စားပြုရသည်။ ယခု ပြောင်းလဲကျင့်သုံးမည့် MMP စနစ်အရ မဲဆန္ဒနယ် ကိုယ်စားပြု FPTP ကိုယ်စားလှယ်များနှင့် ပါတီအချိုးကျကိုယ်စားပြု PR ကိုယ်စားလှယ်များကို လွှတ်တော်အလိုက် တပေါင်းတစည်းတည်း ရရှိလာမည်ဖြစ်ပါသည်။ ထို့ကြောင့် ရွေးကောက်ပွဲစနစ်၏ အဓိကအနှစ်သာရဖြစ်သော ပေါင်းစည်းခြင်း၊ ကိုယ်စားပြုခြင်းနှင့် မျှတခြင်းတို့ကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။

> ❖ **ယခု ပြောင်းလဲကျင့်သုံးမည့်** MMP **စနစ်အရ မဲဆန္ဒနယ် ကိုယ်စားပြု** FPTP **ကိုယ်စားလှယ်များနှင့် ပါတီအချိုးကျကိုယ်စားပြု** PR **ကိုယ်စားလှယ်များကို လွှတ်တော်အလိုက် တပေါင်းတစည်းတည်း ရရှိလာမည်**

စနစ်သစ်နှင့် ရွေးကောက်ပွဲအတွက် ထူးခြားချက် ၅ ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ် အမှတ်စဉ် (၅) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ် ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံ့တာဝန်ကို လက်ဆင့်ကမ်း ထမ်းဆောင်ရသော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကလည်း ဦးတည်ချက် (၄) ရပ် ချမှတ်ခဲ့သည်။ ဦးတည်ချက် (၄) ရပ်သည် လာမည့်ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးအတွက် လမ်းပြမြေပုံပင် ဖြစ်ပါသည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကခန့်အပ်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဥပဒေနှင့်အညီ ကြီးကြပ်ကျင်းပပေးရမည် ဖြစ်ပါသည်။ ကျင်းပမည့်စနစ်သစ်နှင့် ရွေးကောက်ပွဲတွင် ထူးခြားချက် ၅ ချက် တွေ့ရှိရပါသည်-

ပထမအချက် – ယခင်အတွေ့အကြုံရှိပြီးဖြစ်သည့် FPTP စနစ်အပြင် ပါတီအချိုးကျ ကိုယ်စားပြု PR စနစ် ပါဝင်သည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျ MMP စနစ် ပြောင်းလဲကျင့်သုံးခြင်းဖြစ်ပါသည်။ FPTP စနစ်အရ ရရှိမည့်ကိုယ်စားလှယ်အပြင် PR စနစ်အရ ပါတီအချိုးကျ ကိုယ်စားလှယ်များလည်း ရရှိလာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များက ယခင်မဲပေးသည့်စနစ်အတိုင်း FPTP မဲဆန္ဒနယ်များအတွက် နှစ်သက်ရာကိုယ်စားလှယ်လောင်းကို တစ်ကြိမ်သာ မဲပေးပြီး မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်များကို အလွယ်တကူ ရွေးချယ်နိုင်ပါသည်။ နောက်ထပ် PR မဲဆန္ဒနယ်များအတွက် FPTP မဲဆန္ဒနယ်တွင် ပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းက ရရှိခဲ့သည့်မဲများကို ပါတီကရရှိသည့်မဲအဖြစ်သတ်မှတ်ပြီး ရိုးရှင်းလွယ်ကူသော Closed List စနစ်၊ ကြွင်းကျန်မဲအများဆုံးစနစ် (The Largest Remainder) နှင့် Hare Quota တွက်နည်းတို့ဖြင့် အချိုးကျကိုယ်စားလှယ်များကို ဥပဒေနှင့်အညီ တွက်ချက်ခွဲဝေပေးမည်ဖြစ်ပါသည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် FPTP မဲဆန္ဒနယ်များနှင့် PR မဲဆန္ဒနယ်များ သတ်မှတ်ထားသည်ဖြစ်ရာ ဒေသအလိုက် တိုင်းရင်းသား လူမျိုးစုများနှင့် ပါတီငယ်များ လွှတ်တော်တွင် ကိုယ်စားပြုနေရာများ ပိုမိုရရှိလာမည်ဖြစ်ပါသည်။

ဒုတိယအချက် – ရွေးကောက်ပွဲနေ့ မဲရုံတွင် ဆန္ဒမဲပေးခြင်းနည်းလမ်းကို မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် ပြောင်းလဲကျင့်သုံးမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များက ဆန္ဒပြုစက်တွင် ခလုတ်တစ်ကြိမ်နှိပ်၍ နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို အလွယ်တကူ မဲပေးနိုင်ပါသည်။ မဲပေးစက်အသုံးပြုခြင်းဖြင့် ပယ်မဲမရှိခြင်း၊ ရိုးရှင်းလွယ်ကူစွာမဲပေးနိုင်ခြင်း၊ မဲဆန္ဒရှင်က မိမိမဲပေးထားချက်ကို မျက်မြင်စစ်ဆေးကြည့်ရှုနိုင်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ လွယ်ကူမှန်ကန်မြန်ဆန်ခြင်း၊ မဲရလဒ်များ မိနစ်ပိုင်းအတွင်း ထုတ်ယူနိုင်ခြင်း၊ အပြန်အလှန်စစ်ဆေးနိုင်ခြင်း၊ MEVM စက်တွင် ပြင်ပမှ ချိတ်ဆက်ဆောင်ရွက်နိုင်သည့် USB Port များ မပါဝင်ခြင်း၊ Wifi၊ Bluetooth ကဲ့သို့သော ကြိုးမဲ့စနစ်နှင့် အင်တာနက်ကွန်ရက် ချိတ်ဆက်နိုင်သည့်စနစ်များမပါဝင်ခြင်းတို့ကြောင့် ပြင်ပမှဝင်ရောက်နှောင့်ယှက်၍မရဘဲ လုံခြုံမှုရှိခြင်း၊ မဲမသမာမှုလုပ်၍မရခြင်း၊ ရာနှုန်းပြည့် ယုံကြည်စိတ်ချရခြင်း၊ ရွေးကောက်ပွဲအစဉ်အဆက် အသုံးပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။

တတိယအချက် – မဲဆန္ဒရှင်စာရင်းများ ပြုစုခြင်းနှင့် စီမံခန့်ခွဲခြင်းကို မြို့နယ်အဆင့်တွင် DEO Software၊ Admin Software ဖြင့်လည်းကောင်း၊ ဗဟိုအဆင့်တွင် ဗဟိုမဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ် (CVLMS) ဖြင့်လည်းကောင်း နည်းပညာအသုံးပြု၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ မဲစာရင်းပြုစုရာတွင် ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၃ အရ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံး၏ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ပါ လူဦးရေစာရင်းတို့ကို ရယူအခြေခံပြုစုခြင်းဖြစ်သဖြင့် လူဦးရေစာရင်းများ ခိုင်မာမှုရှိသည်။ နည်းပညာဖြင့် စိစစ်ခြင်း၊ စီမံခန့်ခွဲခြင်း ဆောင်ရွက်နိုင်သည်ဖြစ်ရာ ယခင် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကဲ့သို့ မဲစာရင်းမှားယွင်းမှုများကြောင့် မဲမသမာမှုများဖြစ်ပွားရန် အကြောင်းမရှိတော့ပါ။ မှန်ကန်ရှင်သန်နေသော မဲစာရင်းများအဖြစ် နောင်ရွေးကောက်ပွဲအစဉ်အဆက် အသုံးပြုနိုင်မည်ဖြစ်ပါသည်။

စတုတ္ထအချက် – ရွေးကောက်ပွဲကို အပိုင်းလိုက် ဆောင်ရွက်မည့် အစီအမံဖြစ်ပါသည်။ အပိုင်း (၁) အတွက် ဆန္ဒမဲပေးရမည့် ၂၈–၁၂–၂၀၂၅ ရက်နေ့နှင့် မြို့နယ် ၁၀၂ မြို့နယ်စာရင်းကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က အသိပေးထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။ ဆက်လက်ကျင်းပမည့် အပိုင်းလိုက် မဲပေးရမည့်နေ့ရက်နှင့် မြို့နယ်များစာရင်းကိုလည်း ဆက်လက်ထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။ မဲရုံအားလုံးတွင် MEVM စက်များဖြင့် ဆန္ဒမဲပေးရပါမည်။ နယ်မြေဒေသအခြေအနေအရ ရွေးကောက်ပွဲလုံခြုံရေးနှင့် စီမံခန့်ခွဲရေးအစီအမံများ စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် ရွေးကောက်ပွဲကို အပိုင်းလိုက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပဉ္စမအချက် – ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်အသစ်နှင့် အစိုးရအဖွဲ့အသစ် ပေါ်ပေါက်လာမည့်အချက်ဖြစ်ပါသည်။ ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်၏ အကျိုးကျေးဇူးအရ ဥပဒေပြုရေးကဏ္ဍနှင့် အုပ်ချုပ်ရေးကဏ္ဍတွင် တိုင်းရင်းသားများနှင့် လူထုအလွှာအသီးသီး၏ ကိုယ်စားပြုမှု ပိုမိုပါဝင်လာမည်ဖြစ်ပါသည်။ ထာဝရငြိမ်းချမ်းရေး ရရှိရေး၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေလမ်းကြောင်းနှင့် လွှတ်တော်နိုင်ငံရေးယဉ်ကျေးမှုလမ်းကြောင်းတို့မှတစ်ဆင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လမ်းခင်းပေးထားသည့်အချက်ပင်ဖြစ်ပါသည်။

ပြည်သူအားလုံးပါဝင်သော ရွေးကောက်ပွဲ

လာမည့်ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ရန် ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့များဖြစ်သည့် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက စွမ်းဆောင်ရည်ကောင်းကောင်းဖြင့် ကြိုးပမ်းဆောင်ရွက်ကြမည်။ ရွေးကောက်ပွဲနေ့ မဲရုံတစ်ရုံချင်းစီ၏ ရည်မှန်းချက်တာဝန်များ အောင်မြင်ပြီးမြောက်စေရန် မဲရုံအဖွဲ့များကလည်း လုပ်ငန်းကျွမ်းကျင်မှုဖြင့် ဆောင်ရွက်ကြမည်။ ရွေးကောက်ပွဲအတွက်လိုအပ်သော စီမံခန့်ခွဲရေးနှင့် လုံခြုံရေးအစီအမံများကို အစိုးရ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးမည်။ ရွေးကောက်ပွဲယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများကလည်း ဥပဒေဘောင်အတွင်းမှ မိမိတို့ ပါတီအသီးသီး၏ စည်းရုံးရေးစွမ်းရည်ကို ပြသကြရမည်။ ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူအားလုံး လွယ်ကူအဆင်ပြေစွာ မဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ပေးထားပြီး ဖြစ်သည်။ မဲဆန္ဒရှင် ဖြစ်သူများကလည်း ရွေးကောက်ပွဲတွင် မိမိတို့၏ ဆန္ဒမဲနှင့် နိုင်ငံသားအခွင့်အရေးကို ကျင့်သုံးပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အရည်အချင်းရှိသော ကိုယ်စားလှယ်လောင်းများကို ရွေးချယ်နိုင်ရန် မျှော်လင့်သည်။ ပြည်သူတို့က ဉာဏ်နှင့်ယှဉ်သော ဆန္ဒမဲတို့ဖြင့် အရည်အချင်းရှိသည့် လူကောင်းလူတော်များကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်ရန်လိုအပ်သည်။ ရွေးကောက်ပွဲအား မလိုလား၍ နှောင့်ယှက်ဖျက်ဆီးမည့်သူများ၏အန္တရာယ်ကိုလည်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများက ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပြည်သူအားလုံး ပါဝင်သော ရွေးကောက်ပွဲမှတစ်ဆင့် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် တက်ညီလက်ညီ တက်စုံရွက်စုံဖြင့် ဆက်လက်ချီတက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

နိဂုံး

ကျွန်ုပ်တို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအား ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဂုဏ်သိက္ခာပင်ဖြစ်ပါသည်။ ရွေးကောက်ပွဲမှ ပေါ်ထွက်လာသည့် အစိုးရအဖွဲ့ကဦးဆောင်ပြီး နိုင်ငံတော်တည်ဆောက်ရေး၊ အုပ်ချုပ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိနေပါသည်။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်ပြည်သူအားလုံးနှင့် တိုင်းရင်းသားလူမျိုးစုများအားလုံးအတွက်မျှတသော ကိုယ်စားပြုမှုနှင့် အာမခံချက်ရရှိရေး၊ တည်ငြိမ်အေးချမ်းပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ရေရှည် ရှင်သန်ခိုင်မာစေရေးတို့အတွက် အရေးကြီးဆုံးဖြစ်သည့် အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ရန် ရည်မှန်းချက်ဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

KNU နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျိုက်မရောမြို့နယ် ကော့ပနောကျေးရွာအနီး Drop Bomb ချ တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့အရပ်သားပြည်သူ ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် စက်တင်ဘာ ၃

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများအား ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်နှင့် ခရီးသွားပြည်သူများ ထိခိုက်စေရန် ရည်ရွယ်၍ လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လူနေထိုင်ရာ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ စစ်ရေးနှင့် မသက်ဆိုင်သော အေးချမ်းစွာ သွားလာလျက်ရှိသည့် ကုန်တင်ကားများ၊ ခရီးသည်တင်ယာဉ်များနှင့် အရပ်ယာဉ်များကိုလည်း နှောင့်ယှက်ပစ်ခတ် တိုက်ခိုက်ခြင်းများ၊ မိုင်းထောင် ဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ KNU နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ကျိုက်မရောမြို့နယ် ကော့ပနောကျေးရွာလမ်းဆုံတွင် ရောက်ရှိနေသော ခရီးသည်တင် မော်တော်ယာဉ်တစ်စီးအား စက်တင်ဘာ ၂ ရက်တွင် Drop Bomb ချ တိုက်ခိုက်ခဲ့သဖြင့် ယာဉ်မောင်းအပါအဝင် ခရီးသည်အမျိုးသား ကိုးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၁ ဦးတို့တွင် ဗုံးစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ KNU နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့အပေါ် အကြောက်တရား လွှမ်းမိုးစေရန်အတွက် ကျိုက်မရောမြို့နယ် ကော့ပနောကျေးရွာအား စက်တင်ဘာ ၂ ရက် ညနေ ၅ နာရီခွဲခန့်တွင် Drone အသုံးပြု၍ Drop Bomb ချ တိုက်ခိုက်ခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုကြောင့် ဗုံးသီးသည် ကျိုက်မရောမြို့မှ ကြာအင်းဆိပ်ကြီးသွား ကားလမ်းပေါ်ရှိ ကော့ပနောလမ်းဆုံသို့ ရောက်ရှိနေသော ယာဉ်မောင်း ဦးလှရွှေ ၅၂ နှစ်၊ (ဘ)ကော်စမတ် မောင်းနှင်သည့် Super Custom အမျိုးအစား ယာဉ်အမှတ်၊ 9H /……. အဖြူရောင်ခရီးသည်တင် မော်တော်ယာဉ်အနီးသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် ယာဉ်မောင်းအပါအဝင် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် အမျိုးသား ကိုးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၁ ဦးတို့တွင် ဗုံးစထိမှန် ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူများအား တာဝန်ရှိသူများက ကျိုက်မရောမြို့ရှိ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာ လိုအပ်သော ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

KNU နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ပနောကျေးရွာလမ်းဆုံ၌ ရောက်ရှိနေသည့် ခရီးသည်တင်မော်တော်ယာဉ်တစ်စီးအား Drop Bomb ချတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ



KNU နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျိုက်မရောမြို့နယ် ကော့ပနောကျေးရွာအနီး Drop Bomb ချ တိုက်ခိုက်မှုကြောင့် အရပ်သား အမျိုးသား ကိုးဦး၊ အမျိုးသမီး နှစ်ဦး ပေါင်း ၁၁ ဦးတို့၌ ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို တွေ့မြင်ရစဉ်။

ညောင်ဦးခရိုင်၌ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ အကောင်အထည်ဖော်ခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်း

ညောင်ဦး စက်တင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများအကောင်အထည်ဖော်ခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၂ ရက်က ကျင်းပသည်။

အစည်းအဝေးတွင် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက ညောင်ဦးခရိုင်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ ပေါ်ထွန်းလာစေရေးနှင့်ပတ်သက်၍ အမှာစကားများ ပြောကြားသည်။ ထို့နောက် ညောင်ဦးခရိုင် ပညာရေးမှူး ဦးကျော်ဝင်းက စိမ်းလန်းစိုပြည်သောကျောင်းများ အကောင်အထည်ဖော်ဆောင်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ Aureum Palace Hotel & Resort (Bagan) မှ Operation Manager ဦးဝင်းကိုကိုကလည်းကောင်း၊ ဖိတ်ကြားထားသည့် ဟိုတယ်လုပ်ငန်းရှင်များက လည်းကောင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများ အကောင်အထည်ဖော်ဆောင်ရေးနှင့် ပတ်သက်၍ဆွေးနွေးကြကာ တာဝန်ရှိသူများက ဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ကြသည်။ ယင်းနောက် မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက အခြေခံပတ်ဝန်းကျင်ဆိုင်ရာ ဘာသာရပ်၊ ဆရာများလက်စွဲ Level 1 to v Plus Summary စာအုပ်များကို ညောင်ဦးခရိုင်ပညာရေးမှူး ဦးကျော်ဝင်းထံ ပေးအပ်ခဲ့သည်။

ခရိုင်(ပြန်/ဆက်)

မိုင်းဆတ်မြို့၌ အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့အကြောင်း အသိပညာပေး Talk Show ပြုလုပ်

မိုင်းဆတ် စက်တင်ဘာ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ “အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့”အကြောင်း အသိပညာပေး Talk Show ကို ယနေ့ ညနေ ၃ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

အဆိုပါ အသိပညာပေး Talk Show တွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ယဉ်ယဉ်ဝင်းနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇင်ပွင့်ဖြူတို့က အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ ဖြစ်ပေါ်လာသည့် အကြောင်းရင်းများ၊ အပြည်ပြည်ဆိုင်ရာသန့်ရှင်းသော လေထုနေ့ကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ လေထုညစ်ညမ်းမှု၏အဓိပ္ပာယ်၊ လေထုညစ်ညမ်းမှုကို ဖြစ်စေနိုင်သောအကြောင်းရင်းများ၊ လေထုကို ညစ်ညမ်းစေသည့်ပစ္စည်းများ၊ လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုးကျိုးများ၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကို လျှော့ချနိုင်သည့်နည်းလမ်းများ၊ အိမ်တွင်းလေထုညစ်ညမ်းမှုကို ကာကွယ်ရန်နည်းလမ်းများနှင့် လေထုညစ်ညမ်းမှုလျှော့ချရေး အကြောင်းအရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)

မိုးနှောင်းဝါစိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

အောင်လံ စက်တင်ဘာ ၃

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် မိုးနှောင်းဝါ အထွက်တိုးမျိုးဖြစ်သည့် B31 နှင့် TBL195 မျိုးများ စိုက်ပျိုးထားသည့် ရေပေါ်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးအောင်ခင်၏ ဝါစိုက်ခင်းများအား မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိတာရီထွန်း၊ မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်မြမြလွင်နှင့် မြို့နယ်သမဝါယမအသင်းတို့မှ တာဝန်ရှိသူများသည် ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးက ပန်းတိုင်အထွက်နှုန်းရရှိရန်အတွက် ဝါစိုက်ခင်းများတွင် ဓာတ်မြေဩဇာများ အချိန်ကိုက်၊ အချိုးကျထည့်သွင်းရန်နှင့် နည်းစနစ်မှန်ကန်စေရေး ဂရုစိုက်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရတနာစံကျောင်းတော်အတွင်း ပြန်လည်ဝင်ရောက်ဖူးမြော်ခွင့်ပြု

ညောင်ရွှေ စက်တင်ဘာ ၃

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးဒဏ်ကြောင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ ကိန်းဝပ်စံပယ်တော်မူရာ ရတနာစံကျောင်းတော်ပင်မဆောင်၊ အောက်ခြေတိုင်များ၊ လှေကားများ၊ စောင်းတန်းတော်၊ ဘုရားရင်ပြင်တော်၊ ဒေသစာရီကြွချီပူဇော်ခံရာတွင် ပင့်ဆောင်သည့် ကရဝိက်ဖောင်တော်နှင့် ဖောင်တော်ထားရှိရာအဆောင်တို့ ထိခိုက်ပျက်စီးခဲ့ပြီး ဘုရားဖူးလာပြည်သူများ ဘုရားပရိဝုဏ်အတွင်း ဝင်ရောက်ခွင့်ကို ဂေါပကအဖွဲ့က ယာယီရပ်ဆိုင်းထားခဲ့ရသည်။

အဆိုပါ ထိခိုက်ပျက်စီးမှုများအား နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှု၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အနီးကပ်ကူညီဆောင်ရွက်ညွှန်ကြားမှု၊ စေတနာရှင် အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းမှုများဖြင့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျွမ်းကျင်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများ၊ စက်ယန္တရားကြီးများ၊ ဒေသခံပြည်သူများ၏ လုပ်အားဒါနပါဝင်မှုများဖြင့် အပျက်အစီးများအား စနစ်တကျရှင်းလင်းဖယ်ရှားခြင်း၊ ထိခိုက်ပျက်စီးမှုများ ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရာ ယခုအခါ ပြုပြင်မွမ်းမံမှုလုပ်ငန်းများ ပြီးစီးခဲ့ပြီဖြစ်သည်။

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအနေဖြင့် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များအား ၁၃၈၇ ခုနှစ် တော်သလင်းလပြည့်နေ့(စနေနေ့) စက်တင်ဘာ ၆ ရက် နံနက်ပိုင်းမှစတင်၍ ဝင်ရောက်ဖူးမြော်ကြည်ညိုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**

မြန်မာ၊ အင်ဒိုနီးရှား၊ တောင်အာဖရိက သုံးနိုင်ငံ FIAP ၊ PSA အသိအမှတ်ပြု နိုင်ငံတကာဓာတ်ပုံပြိုင်ပွဲတွင် မြန်မာက ရွှေတံဆိပ်များဆွတ်ခူး

ရန်ကုန် စက်တင်ဘာ ၃

မြန်မာနိုင်ငံ ဓာတ်ပုံအသင်း(Myanmar Photographic Society)၏ မြန်မာ၊ အင်ဒိုနီးရှား၊ တောင်အာဖရိက သုံးနိုင်ငံ FIAP၊ PSA အသိအမှတ်ပြု နိုင်ငံတကာဓာတ်ပုံပြိုင်ပွဲတွင် မြန်မာက ရွှေတံဆိပ်အခု ၂၀ ရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံဓာတ်ပုံအသင်း
NATIONAL PHOTO C C (2025)
ANMAR-SOUTH AFRICA TION 3 COU

အဆိုပါဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မြန်မာနိုင်ငံဓာတ်ပုံအသင်းရုံး၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲကြီးတွင် နိုင်ငံတကာအကဲဖြတ်ဒိုင်များအဖြစ် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် အကဲဖြတ်ဒိုင်များကို ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး ဆားကစ်ပြိုင်ပွဲ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပေးခဲ့သည့် ဦးသန်းထွန်းဦးအား ထပ်ဆင့်အကယ်ဒမီတစ်သက်တာအကယ်ဒမီဆုရှင် ဒါရိုက်တာပန်းချီစိုးမိုးက ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဆားကစ်ပြိုင်ပွဲ၏ အကောင်းဆုံးဓာတ်ပုံပညာရှင်ဆုရ ဦးထင်လင်း၊ FIAP ၊ PSA ၊ FPSI ၊ PSSA ၊ IPC တို့တွင် ရွှေတံဆိပ်ဆုရရှိသူ ၂၀ ကို နာယကများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ယင်းနောက် FIAP Honorable Mention ၊ IPC 2025 Honorable Mention ၊ Open Color Category ၊ Open Monochrome ၊ Portrait Category ၊ Life Category တို့တွင် ဂုဏ်ပြုလက်မှတ်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **အာကာလင်း**

တူကီယဲကလပ် ဂါလာတာစရေးက မန်စီးတီးကွင်းလယ်ကစားသမား ဂန်ဒိုဂန်ကို ခေါ်ယူ

တူကီယဲကလပ် ဂါလာတာစရေးအသင်းသည် မန်စီးတီးအသင်းမှ ဂျာမနီ ဝါရင့်ကွင်းလယ်ကစားသမားဂန်ဒိုဂန် (ယာပုံ) ကို အလွတ် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။

GALATASARAY

အသက် ၃၄ နှစ်အရွယ် ကွင်းလယ်ကစားသမား ဂန်ဒိုဂန်သည် တူကီယဲစူပါလိဂ် ချန်ပီယံ ဂါလာတာစရေးအသင်းနှင့် ၂၀၂၆-၂၀၂၇ ရာသီကုန်အထိ စာချုပ်ချုပ်သွားမည်ဖြစ်သည်။ ၎င်းသည် မန်စီးတီးအသင်းတွင် စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေသေးသော်လည်း ဂါလာတာစရေးအသင်းသို့ ပြောင်းရွှေ့ရန် ခွင့်ပြုခဲ့ကြောင်း သိရသည်။

ဂန်ဒိုဂန်သည် မန်စီးတီးအသင်းအတွက် ပွဲပေါင်း ၃၅၈ ပွဲ ပါဝင်ကစားထားပြီး ၆၅ ဂိုး သွင်းယူပေးထားသူဖြစ်သည်။ ၎င်းသည် မိခင်နိုင်ငံ ဂျာမနီအသင်းအတွက်လည်း ၂၀၁၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ၈၂ပွဲပါဝင်ကစားပေးထားပြီး ၁၉ ဂိုး သွင်းယူပေးထားသည်။ ဂန်ဒိုဂန်သည် ၂၀၁၆ ခုနှစ်တွင် နည်းပြဂွါဒီယိုလာ ပထမဆုံးခေါ်ယူသည့် ကစားသမားတစ်ဦးဖြစ်သည်။ **အောင်ဇော်**

ကျောက်ဆည်ခရိုင်၌ ငွေကျပ် ၃ ဒသမ ၀၀၃ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၁၂၀ ဒသမ ၁၂ ကီလို ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၃

ကျောက်ဆည်ခရိုင်တွင် ငွေကျပ် ၃ ဒသမ ၀၀၃ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၁၂၀ ဒသမ ၁၂ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၅ ရက် ည ၇ နာရီခွဲတွင် သတင်းအရ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် အမှတ်(၃)ခရိုင်ချင်းဆက်လမ်း၌ ဉာဏ်လင်း မောင်းနှင်ပြီး လှခိုင် လိုက်ပါလာသော TOYOTA LITEACE မော်တော်ယာဉ်၊ စံဝင်းလင်း မောင်းနှင်သည့် IZONE မော်တော်ယာဉ်နှင့် ထက်အောင်ဇော် မောင်းနှင်သည့် ဆိုင်ကယ်တို့အား စစ်ဆေးရှာဖွေရာ မော်တော်ယာဉ် နှစ်စီးပေါ်မှ ဘိန်းဖြူအလေးချိန် ၁၂၀ ဒသမ ၁၂ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၃ ဒသမ ၀၀၃ ဘီလီယံ) ကို ဖမ်းဆီးရမိခဲ့ကြောင်း။

ကွင်းဆက် ဖော်ထုတ်ချက်အရ ယင်းနေ့ ည ၁၁ နာရီခွဲတွင် ဘိန်းဖြူများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ဘုန်းမြင့်မြတ်ကို ပြင်ဦးလွင်မြို့နယ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီခွဲတွင် ဘိန်းဖြူများအား တာဝန်ခံ သယ်ဆောင်ခဲ့သူ စိုးဝေလွင် (ဖမ်းဆီးရန်ကျန်)နှင့် တင်မျိုးအောင် (ဖမ်းဆီးရန်ကျန်)တို့ ရှေ့ပြေးအဖြစ် ဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် NISSAN AD VAN မော်တော်ယာဉ်အား မြစ်သားမြို့နယ် အမှတ်(၃)ခရိုင်ချင်းဆက်လမ်းတွင်လည်းကောင်း၊ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် ဘိန်းဖြူများအား မူဆယ်မှရွှာငံမြို့နယ်သို့ သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် စိုးဝေလွင် ပိုင်ဆိုင်သော HINO PROFIA ၁၂ ဘီး မော်တော်ယာဉ်အား ပြည်ကြီးတံခွန်မြို့နယ် (၈)ရပ်ကွက်တွင် လည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက် စစ်ဆေးပေါ်ပေါက်ချက်များအရ ဖမ်းဆီးရမိဘိန်းဖြူများအား ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်မှ ရွှာငံမြို့နယ်သို့ သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်သို့ မော်တော်ယာဉ်များ ပြောင်းလဲ၍ သယ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။ **သတင်းစဉ်**

[redacted] [redacted] [redacted] [redacted]

(ဝဲမှယာ) တရားခံ ဉာဏ်လင်း၊ လှခိုင်၊ ထက်အောင်ဇော်နှင့် ဘုန်းမြင့်မြတ်တို့အား ဖမ်းဆီးရမိဘိန်းဖြူ ၈၃ ဒသမ ၁၆ ကီလိုနှင့်အတူ တွေ့ရစဉ်။

[redacted]

တရားခံ စံဝင်းလင်းအား ဖမ်းဆီးရမိ ဘိန်းဖြူ ၃၆ ဒသမ ၉၆ ကီလိုနှင့်အတူ တွေ့ရစဉ်။

[redacted] [redacted]

ဘိန်းဖြူ ၁၂၀ ဒသမ ၁၂ ကီလိုနှင့်အတူ ဖမ်းဆီးရမိသည့် TOYOTA LITEACE မော်တော်ယာဉ်နှင့် IZONE မော်တော်ယာဉ်။

[redacted] [redacted] [redacted] [redacted]
စိုးဝေလွင်
(ဖမ်းဆီးရန်ကျန်)
တင်မျိုးအောင်
(ဖမ်းဆီးရန်ကျန်)
NISSAN

တရားခံ စိုးဝေလွင် ပိုင်ဆိုင်သည့် ဘိန်းဖြူများသယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် မော်တော်ယာဉ်များအား သိမ်းဆည်းရမိမှု။

နှစ်ပေါင်း ၁၃၀ ခန့်အတွင်း ဂျပန်နိုင်ငံတွင် အမြင့်ဆုံးအပူချိန်သစ် စံချိန်တင်

တိုကျို စက်တင်ဘာ ၃

နိုင်ငံတစ်ဝန်း ပျမ်းမျှအပူချိန် ၂ ဒသမ ၃၆ ဒီဂရီဆဲလ်စီးယပ်ထက် ပိုမိုမြင့်မားနေသည့် ဂျပန်နိုင်ငံသည် ၂၀၂၅ ခုနှစ်၏ အပူဆုံးနွေရာသီအဖြစ် ကြုံတွေ့လျက်ရှိသည်ဟု ဂျပန်မိုးလေဝသအေဂျင်စီ (ဂျေအမ်အေ)က ပြောသည်။

ယနေ့ဖြစ်ပေါ်ခဲ့သော အပူချိန်သည် ၁၈၉၈ ခုနှစ်မှစ၍ နှစ်ပေါင်း ၁၃၀ ခန့်အတွင်း အမြင့်ဆုံးအပူချိန်အဖြစ် မှတ်တမ်းတင်ခဲ့ပြီး ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တွင် အမြင့်ဆုံးအဖြစ် မှတ်တမ်းတင်ခဲ့သော အပူချိန်များကို ကျော်ဖြတ်ခဲ့သည်။ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တွင် အမြင့်ဆုံးအဖြစ် မှတ်တမ်းတင်ခဲ့သော အပူချိန်သည် သာမန် ပျမ်းမျှအပူချိန်ထက် ၁ ဒသမ ၇၆ ဒီဂရီဆဲလ်စီးယပ်ရှိသည်။

ဩဂုတ် ၃၀ နှင့် ၃၁ ရက်တို့တွင် ဂျပန်နိုင်ငံ၏ အပူချိန်သည် ၄၀ ဒီဂရီဆဲလ်စီးယပ်အထက်ရှိခဲ့သည့် ၂၀၂၅ ခုနှစ်အတွင်း အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်အထက် မှတ်တမ်းတင်မြင့်မားခဲ့သော ရက်ပေါင်း ကိုးရက်အထိ ရှိလာပြီဖြစ်သည်။

ယခုနှစ်နွေရာသီသည် ပုံမှန်မဟုတ်သော အပူချိန်မြင့်မားသည့် နှစ်တစ်နှစ်ဖြစ်ခဲ့သည်ဟု ဂျေအမ်အေက ဖော်ပြခဲ့သည်။

ဆင်ဟွာ

အမေရိကန်ဒယ်တာလေကြောင်းလိုင်း အစ္စရေးသို့ ပျံသန်းမှုပြန်လည်စတင်

ဂျေရုဆလင် စက်တင်ဘာ ၃

အမေရိကန် လေကြောင်းလိုင်းဖြစ်သည့် ဒယ်တာလေကြောင်းလိုင်းသည် အစ္စရေးသို့ ပြန်လည်ပျံသန်းပြေးဆွဲမှုများ စတင်ပြီဖြစ်သည်။ နယူးယောက် ဂျွန်အက်ဖ်ကနေဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပျံတက်လာသည့် ဒယ်တာလေကြောင်းလိုင်းမှ လေယာဉ်သည် အစ္စရေးနိုင်ငံ တဲအဗစ်မြို့အနီးရှိ ဘင်ဂူရီယန်လေဆိပ်တွင် စက်တင်ဘာ ၂ ရက်က ဆင်းသက်ခဲ့သည်။

အစ္စရေးနှင့် အီရန်အကြား ၁၂ ရက်ကြာ ပဋိပက္ခဖြစ်ပွားမှုစတင်ပြီးနောက် ဇွန် ၁၃ ရက်မှစတင်ကာ ဒယ်တာလေကြောင်းလိုင်းသည် အစ္စရေးသို့လေယာဉ်ပြေးဆွဲမှုများကို ရပ်နားထားခဲ့သည်။ ဒယ်တာလေကြောင်းလိုင်းသည် ပြောင်းလဲလာသည့် လုံခြုံရေးပတ်ဝန်းကျင်ကို စဉ်ဆက်မပြတ် စောင့်ကြည့်နေပြီး လုံခြုံရေးဆိုင်ရာလမ်းညွှန်မှုများအပေါ် အခြေခံ၍ လုပ်ငန်းစဉ်များကို အကဲဖြတ်လျက်ရှိကြောင်း လေကြောင်းလိုင်းက သတင်းထုတ်ပြန်သည်။

ယူနိုက်တက် လေကြောင်းလိုင်းသည် ဇူလိုင်လအတွင်း အစ္စရေးသို့ လေယာဉ်ပျံသန်းပြေးဆွဲမှု ပြန်လည်စတင်ပြီးနောက် ဒယ်တာလေကြောင်းလိုင်းသည် အစ္စရေးနိုင်ငံသို့ လေယာဉ်ပျံသန်းပြေးဆွဲမှု ပြန်လည်စတင်သည့် ဒုတိယမြောက် အမေရိကန်လေကြောင်းလိုင်းဖြစ်လာသည်။

အမေရိကန်၏ နောက်ထပ် အဓိကလေကြောင်းလိုင်းတစ်ခုမှာ ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း ပဋိပက္ခဖြစ်ပွားသည့်အချိန်မှစတင်ကာ အစ္စရေးသို့ လေယာဉ်ပြေးဆွဲမှုကို ရပ်နားထားကြောင်း၊ ပြန်လည်ပြေးဆွဲမည့် ရက်ကိုလည်း ကြေညာထားခြင်း မရှိသေးကြောင်း သိရသည်။

ဆင်ဟွာ

ဗီယက်နမ်နိုင်ငံ၌ ရှစ်လအတွင်း ဆန်တန်ချိန် ၅ ဒသမ ၉ သန်းနီးပါး တင်ပို့ပြီး ကန်ဒေါ်လာ ၃ ဘီလီယံကျော်ရရှိ

ဟနွိုင်း စက်တင်ဘာ ၃

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်အစပိုင်းမှ စတင်ကာ ဩဂုတ် ၁၅ ရက်အထိ အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၅ ဒသမ ၉ သန်းနီးပါးကို တင်ပို့နိုင်ခဲ့ကြောင်း ဗီယက်နမ်စားနပ်ရိက္ခာအသင်း၏ အချက်အလက်များကို ကိုးကားပြီး ဗီယက်နမ်သတင်းအေဂျင်စီက စက်တင်ဘာ ၃ ရက်တွင် ဖော်ပြထားသည်။

ပို့ကုန်ပမာဏသည် ယမန်နှစ်ကထက် ၂ ဒသမ ၈၈ ရာခိုင်နှုန်း မြင့်တက်လာသော်လည်း ပို့ကုန်တန်ဖိုးမှာ ၂၀၂၄ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၁၆ ရာခိုင်နှုန်း ကျဆင်းလာကြောင်း သိရသည်။ ပြီးခဲ့သည့် သီတင်းပတ်တွင် ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုဈေးနှုန်းသည် ရှစ်လအတွင်း အမြင့်ဆုံးသို့ ရောက်ရှိလာကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ယခုနှစ်တွင် ဆန်တန်ချိန် ရှစ်သန်းကျော်အထိ တင်ပို့နိုင်မည်ဟု ဗီယက်နမ်စားနပ်ရိက္ခာအသင်းက မျှော်မှန်းထားကြောင်း ဗီယက်နမ် နေ့စဉ်သတင်းစာ Nhan Dan တွင် ဖော်ပြထားသည်။

ဆင်ဟွာ

ငလျင်ကြောင့် သေဆုံးသူပေါင်း ၁၄၀၀ ကျော်ရှိလာသော အာဖဂန်နစ္စတန်၌ ကယ်ဆယ်ရေးလုပ်ငန်းများ အခက်အခဲများနှင့် ရင်ဆိုင်နေရ

ကဘူးလ် စက်တင်ဘာ ၃

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် ဩဂုတ် ၃၁ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် သေဆုံးသူပေါင်း ၁၄၀၀ ကျော် ရှိလာပြီဖြစ်ကြောင်း သိရသည်။

တာလီဘန်ကြားဖြတ်အစိုးရက ငလျင်လှုပ်ခတ်မှုကြောင့် နိုင်ငံအရှေ့ပိုင်း ကူနာပြည်နယ်၌ သေဆုံးသူပေါင်း ၁၄၁၁ ဦးရှိကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူအရေအတွက်မှာလည်း ၃၁၂၄ ဦး ရှိလာကြောင်း ပြောသည်။ ထို့အပြင် နေအိမ်ပေါင်း ၅၄၁၂ လုံး ထိခိုက်ပျက်စီးမှု ဖြစ်ပွားကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို ရဟတ်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ရန် ကြိုးပမ်းစဉ်။

ကူနာပြည်နယ်ရှိ ဆေးခန်းတစ်ခုကို စီမံကွပ်ကဲနေသူတစ်ဦးက ငလျင်ဒဏ် အဆိုးရွားဆုံးခံရသည့် တောင်ထူထပ်သော ဒေသများတွင် လမ်းများပိတ်မိနေသောကြောင့် ကယ်ဆယ်ရေးလုပ်သားများက ထိခိုက်ဒဏ်ရာရရှိသူများကို ရဟတ်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ပေးနေရကြောင်း ပြောသည်။

သို့သော်လည်း အချို့နေရာဒေသများတွင် ရဟတ်ယာဉ်ဖြင့် သွားလာ၍မလွယ်ကူသောကြောင့် ကယ်ဆယ်ရေး ကြိုးပမ်းအားထုတ်မှုများမှာ နှောင့်နှေးကြန့်ကြာမှုများနှင့် ရင်ဆိုင်နေရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အင်န်အိတ်ချ်ကေ

ယီမင်နိုင်ငံ၌ ဖမ်းဆီးခံထားရသည့် ကုလသမဂ္ဂဝန်ထမ်းများကို ပြန်လွှတ်ပေးရေး ကုလသမဂ္ဂသံတမန် တောင်းဆို

ဆာနား စက်တင်ဘာ ၃

ယီမင်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် ဟန့်စ်ဂရန်းဘာ့ဂ်ျက ဟူသီစေ့စပ်ညှိနှိုင်းရေးအကြီးအကဲ မိုဟာမက် အဗ္ဗဒယ်ဆာလမ်းနှင့် အိုမန်နိုင်ငံ မက်စ်ကပ်မြို့၌ အိုမန်အရာရှိများနှင့်အတူ တွေ့ဆုံကာ ယီမင်နိုင်ငံမြောက်ပိုင်းတွင် ဟူသီအဖွဲ့၏ ဖမ်းဆီးခံထားရသည့် ကုလသမဂ္ဂမှ ဝန်ထမ်းများ ပြန်လွှတ်ပေးရေးတောင်းဆိုခဲ့သည်ဟု စက်တင်ဘာ ၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အစည်းအဝေးတွင် ဂရန်းဘာ့ဂ်ျက ယီမင်နိုင်ငံ မြို့တော်ဆာနားနှင့် ဟူဒေးဒါး ဆိပ်ကမ်းမြို့တို့တွင် ကုလသမဂ္ဂဝန်ထမ်းများကို ဟူသီသူပုန်များ က မတရား ဖမ်းဆီးမှုများ ဆက်လက်ဖြစ်ပေါ်နေသည့်အတွက် ယင်းဖြစ်ရပ်ကို ပြင်းထန်စွာရှုတ်ချကြောင်း ဖော်ပြခဲ့ပြီး ၎င်းတို့အား ချက်ချင်းပြန်လွှတ်ပေးရန် တောင်းဆိုခဲ့သည်။ ကုလသမဂ္ဂ၊ အင်န်ဂျီအို၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် သံတမန်တာဝန်ရှိပုဂ္ဂိုလ်များကို ဖမ်းဆီးထိန်းသိမ်းမှုများကြောင့် ယီမင်နိုင်ငံ၌ ကုလသမဂ္ဂ၏လည်ပတ်နိုင်မှုနှင့် လိုအပ်နေသည့် အကူအညီများ ပေးအပ်ခြင်းတို့ကို ဆိုးရွားစွာထိခိုက်စေနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆာနားမြို့နှင့်ဟူဒေးဒါးမြို့တို့တွင် ကုလသမဂ္ဂဝန်ထမ်း ၁၁ ဦး ဖမ်းဆီးထိန်းသိမ်းခံထားရကြောင်း ဩဂုတ် ၃၁ ရက်တွင် ၎င်းက ပြောသည်။ ယီမင်နိုင်ငံမြောက်ပိုင်းတွင် ဖမ်းဆီးခံထားရသည့် ကုလသမဂ္ဂဝန်ထမ်းစုစုပေါင်းမှာ ၃၄ ဦးအထိ ရှိလာပြီဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ


၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့
International Literacy Day 2025
“ဒစ်ဂျစ်တယ်ခေတ်ကို လိုက်မီဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့”
“Promoting literacy in the digital era”
၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်

International Day of Clean Air for Blue Skies
အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့
“Racing for Air”
“လေထုအရည်အသွေးကောင်းမွန်ဖို့ အရှိန်မြှင့်တင်ဆောင်ရွက်စို့”
7th September 2025

(၁၈) ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

(၁၈) ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများ (18th AMME and Related Meetings) နှင့် အကြိမ်(၂၀) မြောက် အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး (COP-20 AATHP)များကို စက်တင်ဘာ ၂ ရက်မှ ၄ ရက်အထိ Hybrid စနစ်ဖြင့် မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အွန်လိုင်းဖြင့် တက်ရောက်သည်။ **(ယာပုံ)**

အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများ၊ အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် (၁၈) ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး ပထမပိုင်းတွင် ဥက္ကဋ္ဌအဖြစ် မလေးရှားနိုင်ငံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးဝန်ကြီးဌာန ခေတ္တဝန်ကြီး H.E. Mr. Datuk Seri Johari Abdul Ghani နှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ဒုတိယဝန်ကြီး ဦးမင်းသူတို့က ဆောင်ရွက်ပြီး အမှာစကားပြောကြားကြကာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က နိုင်ငံအလိုက် Statement များ ဖတ်ကြားခြင်း၊ အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အရာရှိကြီးများအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံမှ ကိုယ်စားလှယ်က အာဆီယံဒေသတွင်း ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ ပင်လယ်ကမ်းရိုးတန်းထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသောမြို့ကြီးများ၊ ဓာတုစွန့်ပစ်ပစ္စည်းများ၊ ပတ်ဝန်းကျင်ဆိုင်ရာပညာပေးရေး၊ ရေရှည်တည်တံ့သော ထုတ်လုပ်မှုနှင့် စားသုံးမှုကိစ္စရပ်များဆိုင်ရာ အစီရင်ခံစာများနှင့် ရလဒ်များကိုအတည်ပြု တင်ပြဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် အကြိမ်(၂၀)မြောက် အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေး သဘောတူညီချက်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးဆက်လက်ကျင်းပပြီး အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေး သဘောတူညီချက်ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မှုလမ်းပြမြေပုံ (၂၀၂၃-၂၀၃၀) နှင့် အာဆီယံဒေသသစ် ဆွေးမြေစီမံခန့်ခွဲမှု မဟာဗျူဟာ (၂၀၂၃-၂၀၃၀)တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အာဆီယံနယ်စပ် ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးသဘောတူညီချက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ ဆောင်ရွက်ချက်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ခြင်း၊ အာဆီယံမိုးလေဝသစောင့်ကြည့်လေ့လာရေးဌာန၏ အကဲဖြတ်ဆန်းစစ်ချက်အရ ၂၀၂၄ ခုနှစ် ဒီဇင်ဘာမှ ၂၀၂၅ ခုနှစ် မေလအတွင်း ခြောက်သွေ့ရာသီ၌ မဲခေါင်ဒေသတွင် Fire hotspot နှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေး ဆောင်ရွက်မှုအခြေအနေ၊ မဲခေါင်ဒေသခွဲတွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီမှ ဇူလိုင်လအတွင်း Fire hotspot အရေအတွက်သည် ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၅ ရာခိုင်နှုန်းခန့် လျော့နည်းခဲ့မှုနှင့် ၂၀၂၆ ခုနှစ် ဗီယက်နမ်နိုင်ငံ၌ (၂၁)ကြိမ်မြောက် အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေး သဘောတူညီချက်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး ကျင်းပမည့်အခြေအနေများကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နောင်ချိုမြို့နယ်၌ အသက် ၁၅ နှစ်အောက်ကလေးများအား အသက်အရွယ်အလိုက် လိုအပ်သောကာကွယ်ဆေးများကို အထူးအစီအစဉ်နှင့် အမီလိုက် နည်းလမ်းများဖြင့် ထိုးနှံတိုက်ကျွေးပေးလျက်ရှိ

နောင်ချို စက်တင်ဘာ ၃

ကျန်းမာရေး ဝန်ကြီးဌာနသည် ပြည်သူလူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှု တိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ ပဏာမကျန်းမာရေး စောင့်ရှောက်ခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက် ကျန်းမာရေးဌာနနှင့် ဌာနခွဲ ၂၄ ခု ပြန်လည်ဖွင့်လှစ်ထားရှိပြီး အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေး ဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ကွင်းဆင်း၍ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းနှင့် အသက်ငါးနှစ်အောက် ကလေးများအား ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများဖြစ်ပွားနိုင်ခြေများပြီး အစုအဝေးဖြင့် နေထိုင်သောနေရာများမှ ကာကွယ်ဆေးများ မရရှိခဲ့သည့် အသက် ၁၅ နှစ်အောက် ကလေးများအား အသက်အရွယ်အလိုက် လိုအပ်သော ကာကွယ်ဆေးများအား အထူးအစီအစဉ်ဖြင့် ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း (Special Immunization Activities) နှင့် အမီလိုက် (Big Catchup) နည်းလမ်းတို့ဖြင့် ထိုးနှံတိုက်ကျွေးပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှ စက်တင်ဘာ ၂ ရက်အထိ နောင်ချိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေး ဝန်ထမ်းများသည် နောင်ချိုမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများရှိကျောင်းပေါင်း ၇၆ ကျောင်းနှင့် ကျောင်းသားပေါင်း ၁၂၇၈ ဦးအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး မြို့ပေါ်နှင့် ကျေးလက်ကျန်းမာရေးဌာနများတွင် ဒေသခံတိုင်းရင်းသားပြည်သူစုစုပေါင်း ၂၀၅၄ ဦးအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းနှင့် အသက်ငါးနှစ်အောက်နှင့် အသက်အရွယ်အလိုက် လိုအပ်သော ကာကွယ်ဆေးများ မရရှိခဲ့သည့် အသက် ၁၅ နှစ်အောက် ကလေး ၉၀၂၂ ဦးအား လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခဲ့သည်။ **(ဝဲပုံ)**

နောင်ချိုမြို့နယ်တွင် ၂၀၂၅ ခုနှစ် ဇူလိုင် ၂၀ ရက်မှစ၍ မြနန်းတော်ဝင် မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ပြီး မြို့နယ်ပြည်သူ့ဆေးရုံကို ၂၀၂၅ ခုနှစ် ဩဂုတ် ၂ ရက် နံနက်ပိုင်းမှစ၍ ပြန်လည်ဖွင့်လှစ်ကာ လူနာများအား လက်ခံကုသပေးခြင်းနှင့် အရေးပေါ်ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ထိုဒေသအနီးတစ်ဝိုက်မှ ဒေသခံတိုင်းရင်းသားပြည်သူများ လာရောက်ကုသမှုခံယူလျက်ရှိပြီး ဇူလိုင် ၂၀ ရက်မှ စက်တင်ဘာ ၂ ရက်အထိ နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံ၌ ပြင်ပလူနာ ၃၃၇၀ နှင့် အတွင်းလူနာ ၃၆၂ ဦးကို လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၃

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။ **မိုး/ဇလ**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးဥတ္တမပန်းခြံ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးသရုပ်ပြသမှု ကြည့်ရှုအားပေး

စစ်တွေ စက်တင်ဘာ ၃

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက စစ်တွေမြို့ ဦးဥတ္တမပန်းခြံ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်မီးသတ်ဦးစီးဌာနရုံး၌ မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးသရုပ်ပြသမှုကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ဦးဥတ္တမပန်းခြံရှေ့ သန့်ရှင်းသာယာလှပရေး၊ မြေယာရှုခင်းများ စနစ်တကျဖြစ်စေရေး၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို သွားရောက်ကြည့်ရှုပြီး ပန်းခြံအတွင်းရှိ ဆရာတော်ဦးဥတ္တမရုပ်တုနှင့် ရင်ပြင်သန့်ရှင်းသာယာရေး၊ ဆိုလာစနစ်ဖြင့် မီးများတပ်ဆင်နိုင်ရေး ဆောင်ရွက်မည့်အစီအမံများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်မီးသတ်ဦးစီးဌာနရုံး၌ မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေး သရုပ်ပြသမှုကို သွားရောက်ကြည့်ရှုအားပေးကြရာ မီးသတ်တပ်ဖွဲ့ဝင်များက ဒေါက်ထောက်ခြင်း ကိရိယာအသုံးပြုပုံကို သရုပ်ပြသခြင်း၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသုံးပြုပုံကိုပြသခြင်း၊ လေအိတ်အသုံးပြုခြင်းတို့ကို သရုပ်ပြသကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် စနစ်တကျ လေ့ကျင့်ထားရမည်ဖြစ်ပြီး လက်တွေ့ဆောင်ရွက်သည့်အခါတွင် ကျွမ်းကျင်တတ်မြောက်ထားသည့်အတွက် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အသုံးပြုပြီးသည့်အခါ၊ လေ့ကျင့်ပြီးသောအခါတွင်လည်း ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို စနစ်တကျ သိမ်းဆည်းကြရမည်ဖြစ်ကြောင်း၊ ဈေးများ၊ ဌာနဆိုင်ရာရုံးများနှင့် ကျောင်းများတွင် မီးဘေးလုံခြုံရေး အသိပညာပေးခြင်း၊ ဟောပြောခြင်းနှင့် စစ်ဆေးခြင်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် တပ်ဖွဲ့ဝင်များ တိုးပွားရေးအတွက်လည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များအား ဂုဏ်ပြုချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၃

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ၊ စစ်သည် အစားခန့်(အရပ်သား) ဝန်ထမ်းများ၏ သားသမီးများ၊ စစ်သည်များ၊ လူရည်ချွန်ဆု ရရှိသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းများကို ယနေ့တွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်ရှိ ပြည်ငြိမ်းအေးခန်းမ၌ လည်းကောင်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်ရှိ အောင်ဆန်းခန်းမ၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ အနော်ရထာခန်းမ၌ လည်းကောင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်ရှိ ရေဝတီခန်းမ၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌လည်းကောင်း ပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်
၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာ
ထူးချွန်စွာအောင်မြင်ခဲ့သော
စစ်မှုထမ်းဆဲ၊
မိသားစုဝင်
စစ်သည်အစားခန့်
အရပ်သားဝန်ထမ်း
တက္ကသိုလ်ပညာသင်ဆု
မန္တလေး
၃.၉.၂၀၂၅

ဦးစွာ တိုင်းမှူးများနှင့်တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေများ၊ ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များကိုယ်စား ကျောင်းသား ကျောင်းသူများက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ စစ်သည်များနှင့်အတူ ဂုဏ်ပြု လက်ဖက်ရည်ဝိုင်းများကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရွှေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာဖတ်ရှိန် မြှင့်တင်ရေး စာအုပ်စာစောင်များ ငှားပေး

ကိုကိုးကျွန်း စက်တင်ဘာ ၃

ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက်များသို့ ရွှေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကိုကိုးကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်စခန်း၊ မြို့နယ်လဝကရုံး၊ မြန်မာ့စီးပွားရေးဘဏ်နှင့် မြို့ပေါ်ရပ်ကွက်များသို့ ယခင်ငှားရမ်းပေးထားသော စာအုပ်များအား ပြန်လည်သိမ်းဆည်းပြီး ယခုအပတ်တွင် သုတ၊ ရသစာအုပ်များကို ထပ်မံပြန်လည် ငှားရမ်းပေးခဲ့သည်။ ထိုသို့ပြန်လည်ငှားရမ်းပေးရခြင်းမှာ စာပေကို ချစ်မြတ်နိုးတတ်စေရန်၊ စာပေဖတ်ရှုခြင်းဖြင့် ရရှိလာသည့် အကျိုးကျေးဇူးများကို သိရှိစေရန်၊ ဝန်ထမ်းများရုံးချိန်အတွင်းစာအုပ်လာရောက် မငှားနိုင်ခြင်းတို့ကြောင့် စာပေဖတ်ရှုကာ ဗဟုသုတများ ရရှိစေရန်ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများက ရွှေ့လျားစာကြည့်တိုက် စနစ်ဖြင့် စာအုပ်စာစောင်များ သွားရောက် ငှားရမ်းပေးခြင်းဖြစ်ကြောင်း သိရသည်။

ထွန်းဇော် (ပြန်/ဆက်)

ရတနာသစ်တော၊ ပြည့်သွေးကြော။ သစ်တောရတနာ၊ ထိန်းသိမ်းပါ။

ရွှေတောင်မြို့နယ်၌ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးဟောပြော

ရွှေတောင် စက်တင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အမက လက်ခုတ်တန်းကျောင်းနှင့် အမက တပ်သစ်ကျောင်းတို့တွင် ယမန်နေ့နံနက်ပိုင်းက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင် ပြပွဲကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးများက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးတစ်ယောက်၏ အလုပ်လုပ်နိုင်သည့် အသက်အရွယ်နှင့် ဥပဒေပါအကြောင်းအရာနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးစသည့် အကြောင်းအရာများကို လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇင်မာချောစုကြည်က စားသုံးသူနှင့် အဓိပ္ပာယ်၊ ကုန်ညွှန်းအမှတ်အသား ရှစ်ချက်အကြောင်းကို လည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်နီလာမြင့်က သနပ်ခါးပင်၏ ကောင်းကျိုးများအကြောင်း၊ သုံးစွဲရန်မသင့်သည့် တိုင်းရင်းဆေးဝါးများနှင့် တိုင်းရင်းဆေးပညာ၏အသုံးဝင်ပုံအကြောင်းတို့ကိုဟောပြောခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်ရွှေဝတ်ရည်တိုးက ကစားမက်တဲ့ ရွှေငါးလေး ခေါင်းစဉ်ဖြင့် ရုပ်ပုံစာအုပ်ပုံပြင်ပြောခြင်းကို ဆောင်ရွက်ခဲ့သည်။ ထို့နောက် အသိပညာပေး နံရံကပ်စာစောင်များပြသရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြပြီး စာအုပ်စာပေများကို ဖတ်ရှုခဲ့ကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)

ဆီဆိုင်မြို့နယ်၌ စိုက်ခင်းများအတွက် သွင်းအားစုများထောက်ပံ့ပေးအပ်

ဆီဆိုင် စက်တင်ဘာ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်နောင်မွန်ကျေးရွာရှိ စံပြစိုက်ခင်း၌ ယနေ့ နံနက် ၁၀ နာရီက မိုးစပါးမျိုးစေ့ထုတ် စိုက်ခင်းများနှင့် စံပြစိုက်ခင်းများအတွက် သွင်းအားစုထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား ကျင်းပရာ ပြည်နယ်စီးပွားရေးရာ ဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဆီဆိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကြင်က မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းများနှင့် စံပြစိုက်ခင်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများအား စံပြစိုက်ခင်းများအတွက် သွင်းအားစုများ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် နောင်မွန်ကျေးရွာရှိ မိုးစပါးစံပြ စိုက်ခင်း (ရွှေရင်အေး)အမျိုးအစားဧက ၁၀၀ နှင့် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း (ရွှေရင်အေး) အမျိုးအစား ဧက ၇၀ စံပြစိုက်ခင်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပျဉ်းမနားမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

နေပြည်တော် စက်တင်ဘာ ၃

ပျဉ်းမနားမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား အသိပညာဗဟုသုတ ပြည့်ဝစေရန်၊ ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များဖြစ်ပေါ်လာစေရန်အတွက် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။**(အောက်ပုံ)**

ဦးစွာ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာရေးဆရာကြီး ကိုရွှေအောင်သင်းက “လူငယ်နှင့်အနာဂတ်နိုင်ငံတော်” ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

အခမ်းအနားအပြီးတွင် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

မြောက်ဥက္ကလာပမြို့နယ်၌ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်

ရန်ကုန် စက်တင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် အသက်(၇၀)နှင့်အထက် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးအသိပညာပေးခြင်း၊ သွေးတိုးနှင့် ဆီးချိုရောဂါရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက အဆိုပါ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ပြုလုပ်သည်။

